လိပ်ပေါက်ကျေးရွာ
လိပ်ပေါက်ကျေးရွာအုပ်စု၊
ဖြူးမြို့နယ်

# ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း (၂၀၁၈-၂၀၂၂)

ပြုစုရေးဆွဲသူ
ကျေးရွာဖွံ့ဖြိုးရေးကော်မတီ
လိပ်ပေါက်ကျေးရွာ၊ဖြူးမြို့နယ်

(သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး
ဦးစီးဌာနကကူညီရေးဆွဲသည်)
၂၀၁၈ခုနှစ်၊ဇွန်လ

**မာတိကာ၂**

၁. ဖြူးမြို့နယ်၊ကင်မွန်းခြံအုပ်စု၊ကင်မွန်းခြံကျေးရွာ၏ သယံဇာတပြမြေပုံ ၃
၂. ဖြူးမြို့နယ်၊လိပ်ပေါအုပ်စု၊လိပ်ပေါကျေးရွာ၏ ရာသီခွင်ပြပြက္ခဒိန် ၄

၃. ဖြူးမြို့နယ်၊လိပ်ပေါအုပ်စု၊လိပ်ပေါကျေးရွာ၏ ကျေးရွာတွင်း၊ရွာပြင်

အဖွဲ့အစည်းများချိတ်ဆက်မှုပြပုံ ၅

၄. ဖြူးမြို့နယ်၊လိပ်ပေါအုပ်စု၊လိပ်ပေါကျေးရွာ၏ လက်ရှိဖွံ့ဖြိုးမှု ၆

အခြေအနေများ

၄.က။တည်နေရာနှင့်ပထဝီအနေအထား ၆

၄. ခ။ရာသီဥတုနှင့်သဘာဝအရင်းအမြစ်များ၆

၄. ဂ။ဖွံ့ဖြိုးရေးဆိုင်ရာစီမံခန့်ခွဲမှုအခြေအနေ၆-၇

၄. ဃ။စီးပွားရေးနှင့်အသက်မွေးမှုအခြေအနေ ၇

၄. င။အခြေခံအဆောက်အဦးနှင့်ဝန်ဆောင်မှုများ ၇-၈

၄. စ။ပညာရေး ၈

၄.ဆ။ကျန်းမာရေး ၉

၄.ဇ။ဘေးအန္တရာယ်များနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၉

၄.ဈ။ကျား - မရေးရာ ၉

၅။ဦးစားပေးဆောင်ရွက်မည့်ဖွံ့ဖြိုးရေးလုပ်ငန်းများ၁၀-၁၁

**နောက်ဆက်တွဲများ**

. နောက်ဆက်တွဲ၁ကျေးရွာဖွံ့ဖြိုးရေးကော်မတီစာရင်း ၁၂


. နောက်ဆက်တွဲ၂ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုဇယားများ ၁၄-၅၀

. နောက်ဆက်တွဲ၃ကျေးရွာဖွံ့ဖြိုးရေးဗျူဟာတည်ဆောက်မှုဇယား ၅၁-၅၂

**၁.** ဖြူးမြို့နယ်၊လိပ်ပေါအုပ်စု၊လိပ်ပေါကျေးရွာ၏ **သယံဇာတပြမြေပုံ**



## ၂. ဖြူးမြို့နယ်၊လိပ်ပေါ်ဒအုပ်စု၊ လိပ်ပေါ်ကျေးရွာ၏ ရာသီခွင်ပြ-ပြက္ခဒိန်



"ရာသီခွင်ပြ ပြက္ခဒိန်"


ရည်ရွယ်ချက်။ ။ ရာသီအလိုက်ဖြစ်ပေါ်နေသော အလုပ်အကိုင်များ၊ ဝင်ငွေနှင့် အသုံးစရိတ်များ၊ ချေးငွေလိုမှု၊ ဝမ်းစာရှားပါးမှု၊ သောက်သုံးရေရရှိမှု၊ တိရစ္ဆာန်ရောဂါကျရောက်မှု၊ ကျန်းမာရေးအခြေအနေ၊ သီးနှံပိုးမွှားရောဂါကျရောက်မှု၊ အားလပ်ရက်များ၊ သဘာဝဘေးအန္တရာယ် စသည့် ကျေးရွာနှင့် သက်ဆိုင်သော အခြေအနေများကို လေ့လာရန် [illegible]။

| အကြောင်းအချက် | ဇန် | ဖေ | မတ် | ဧပြီ | မေ | ဇွန် | ဇူလိုင် | ဩဂုတ် | စက် | အောက် | နို | ဒီ |
|---|---|---|---|---|---|---|---|---|---|---|---|---|
| ရာသီဥတု | | | | | | | | | | | | |
| အလုပ်အကိုင် | နည်း | နည်း | များ | များ | နည်း | များ | နည်း | နည်း | များ | များ | နည်း | နည်း |
| အလုပ်လက်စား မိသားစုများ ဝင်ငွေရရှိမှု (မရှိ/နည်း/များ) | နည်း | နည်း | များ | များ | နည်း | များ | များ | နည်း | နည်း | များ | များ | နည်း |
| အသုံးစရိတ် | နည်း | များ | များ | များ | နည်း | များ | များ | နည်း | များ | များ | နည်း | နည်း |
| ချေးငွေလိုအပ်မှု | နည်း | များ | များ | များ | များ | နည်း | များ | များ | နည်း | နည်း | များ | နည်း |
| ဝမ်းစာ ရှားပါးမှု | နည်း | နည်း | များ | များ | များ | နည်း | နည်း | နည်း | များ | များ | များ | နည်း |
| သောက်သုံးရေ ရရှိမှု | များ | များ | နည်း | နည်း | နည်း | များ | များ | များ | များ | များ | များ | များ |
| တိရစ္ဆာန် အစာ ရရှိမှု | နည်း | နည်း | များ | များ | နည်း | များ | များ | များ | များ | များ | နည်း | နည်း |
| တိရစ္ဆာန် ရောဂါ ကျရောက်မှု | နည်း | နည်း | များ | များ | နည်း | များ | နည်း | နည်း | နည်း | နည်း | နည်း | များ |
| ကျန်းမာရေး အခြေအနေ | နည်း | နည်း | များ | များ | နည်း | နည်း | များ | များ | နည်း | နည်း | နည်း | များ |
| သီးနှံ ပိုးမွှား ရောဂါကျရောက်မှု | များ | နည်း | နည်း | နည်း | နည်း | နည်း | နည်း | များ | များ | နည်း | နည်း | များ |
| ပွဲတော် | နည်း | နည်း | နည်း | နည်း | နည်း | နည်း | များ | များ | နည်း | များ | နည်း | နည်း |
| သဘာဝ ဘေး အန္တရာယ် | နည်း | နည်း | များ | [illegible] | များ | များ | များ | များ | နည်း | နည်း | နည်း | နည်း |

ဘယ်လမှာ ဘာဖြစ်လဲ။ ။ ဩဂုတ်လတွင် မိုးများသောကြောင့် ဖြစ်ရောက်မှု နိမ့်သော လယ်မြေများ ရေနစ်မြုပ်တတ်သည်။

အကြောင်း ဖြစ်ရကြောင်း ။ ။ [illegible]

## ၃. ဖြူးမြို့နယ်လိပ်ပေါ်အုပ်စု၊လိပ်ပေါ်ကျေးရွာ၏ **ကျေးရွာတွင်းရွာပြင်အဖွဲ့အစည်းများချိတ်ဆက်မှုပြပုံ**



၄. ဖြူးမြို့နယ်၊လိပ်ပေါအုပ်စု၊လိပ်ပေါကျေးရွာ၏ **လက်ရှိဖွံ့ဖြိုးမှုအခြေအနေများ**

**(၁) ပထဝီအနေအထားနှင့် တည်နေရာ**

**ကျွန်တော်တို့လိပ်ပေါကျေးရွာသည် ဖြူးမြို့နယ်အရှေ့ဘက်၊ဖြူး-ဘန်းလောင်လမ်းမ၏ တောင်ဘက်တွင်တည်ရှိပြီး အုပ်ချုပ်ရေးရေးဆိုက်ရာဖြူးမြို့နှင့်ဆက်သွယ်သွားလာရလွယ်ကူပါသည်။ ကျွန်တောတို့လိပ်ပေါကျေးရွာသည် ကုန်းမြင့်မြေပြန့်ဒေသတွင်တည်ရှိပြီး အဓိကအသက်မွေးဝမ်းကျောင်း လုပ်ငန်းမှာ စိုက်ပျိုးရေးလုပ်ငန်းဖြစ်ပြီး တစ်နိုင်တစ်ပိုင်မွေးမြူရေးလုပ်ငန်းများလုပ်ကိုင်ကြသည်။ဒေသ၏နှစ်စဉ်မိုးရေချိန်လက်မ(၈၀)မှလက်မ(၁၀၀)ဝန်းကျင်ရှိပြီး စိုက်ပျိုးရေးလုပ်ငန်းများအတွက် အသင့် အတင့်အထောက်အကူပြုပါသည်။လိပ်ပေါကျေးရွာသည် ကုန်းတွင်းပိုင်းတွင်တည်ရှိသောကြောင့် ဆားငန် ရေဝင်ရောက်မှုမှလည်းကင်းလွတ်သည်။ ကျေးရွာအနီးတောင်ဘက်တွင် ဇဟားချောင်းရှိပြီး လယ်မြေများ အတွက်ချောင်းရေတင်စိုက်ပျိုးနိုင်မှုမရှိပါ။မိုးရာသီတွင် အနီးနားကျေးရွာအုပ်စုများမှ ရေကြီးရေလွှမ်းမိုးမှု ရှိသော်လည်း ကျွန်တော်တို့ကျေးရွာမှာ ကင်းလွတ်ပါသည်။သို့သော်လည်း သဘာဝဘေးအန္တရာယ် ဖြစ်သည့် ရေကြီးခြင်းအား ခံရနိုင်သည်။**

**(၂) ရာသီဥတုနှင့်သဘာဝအရင်းအမြစ်**

ကျွန်တော်တို့ လိပ်ပေါကျေးရွာသည် တောင်ဘက်တွင် ဇဟားချောင်းတည်ရှိသဖြင့် စိုက်ပျိုးရေ အတွက်အလွယ်တကူ သွယ်ယူရရှိနိုင်မည်ဖြစ်သည့်အတွက် ဆည်မြောင်းဦးစီးဌာနမှ တူးမြောင်းအား ၂၀၁၈-၂၀၁၉ ခုနှစ်တွင်တူးဖော်ဆောင်ရွက်လျက်ရှိရာ နွေစပါးသီးနှံစိုက်ပျိုးနိုင်ရန်အတွက် ဆည်ရေဖြင့် လယ်မြေဧက(၃၅၀)ခန့်အားစိုက်ပျိုးနိုင်တော့မည်ဖြစ်သည်။ ကျေးရွာတွင် စိုက်ပျိုး ဧကစုစုပေါင်း(၆၃၈.၃၅)ဧကရှိပြီး စပါးနှင့်မတ်ပဲကိုအဓိကထားစိုက်ပျိုးကြသည်။ လိပ်ပေါကျေးရွာတွင် သဘာဝတွင်းထွက်သယံဇာတမထွက်ရှိပါ။

**(၃) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှုအခြေအနေ**

ကျေးရွာတွင် လူမှုရေးဆိုင်ရာအဖွဲ့အစည်း(၆)ဖွဲ့၊ဘာသာရေးဆိုင်ရာ(၁)ဖွဲ့နှင့် စီးပွားရေး ဆိုင်ရာ(၁)ဖွဲ့ တို့ရှိသည်။ ယင်းအဖွဲ့များအနက် ပြင်ပမှ ဖွဲ့စည်းပေးထားသော လူမှုရေးဆိုင်ရာအဖွဲ့ဖြစ်သည့် အမျိုးသမီးရေးရာအဖွဲ့၊ကြက်ခြေနီအဖွဲ့၊အရန်မီးသတ်တပ်ဖွဲ့၊ မိခင်နှင့်ကလေးအဖွဲ့၊ စစ်မှုထမ်းဟောင်းအဖွဲ့ များမှာ လှုပ်ရှားဆောင်ရွက်မှု အသင့်အတင့်သာ ရှိပြီး နာရေးကူညီမှုအသင်းမှာ နာရေးကိစ္စအပါဝင် လူမှုရေးလုပ်ငန်းများကိုဆောင်ရွက်လျက်ရှိပြီး လှုပ်ရှားဆောင်ရွက်မှုအားကောင်းသည်။လိပ်ပေါကျေးရွာ တွင် နိုင်ငံတော်မှ မတည်ပေးထားသော မြစ်မ်းရောင်ကျေးရွာစီမံကိန်းဖြင့် တစ်နိုင်တစ်ပိုင် စိုက်ပျိုးမွေးမြူ ရေးလုပ်ငန်းများ

ဆောင်ရွက်နိုင်ရန်အတွက် အရင်းမပျောက်လည်ပတ်ရန်ပုံငွေဖြင့် ကျေးရွာတွင်းရှိ အိမ်ထောင်စုများအား ကျေးရွာမြစိမ်းရောင်ကော်မတီမှ ငွေချေးလုပ်ငန်း လည်ပတ်ဆောင်ရွက်လျက်ရှိပါသည်။ သမဝါယမအသင်းကို အဖွဲ့ဝင်ပေါင်း (၁၀၆)ဦးပါဝင်ဖွဲ့စည်းထားပြီး မြို့နယ်သမဝါယမအသင်းမှလည်း ငွေချေးလုပ်ငန်းဆောင်ရွက်မှုရှိပါသည်။

**(၄) စီးပွားရေးနှင့် အသက်မွေးမှုအခြေအနေ**

**(က) သီးနှံစိုက်ပျိုးရေး**

**အဓိကဝင်ငွေရလုပ်ငန်းသည် စိုက်ပျိုးရေးဖြစ်ပြီး တစ်ရွာလုံး၏ဝင်ငွေအနေအထားမှာ သာမန်အားဖြင့် လျော့နည်းသည်။ ဆင်းရဲချမ်းသာအဆင့်သတ်မှတ်မှုတွင် အိမ်ထောင်စုအားလုံး၏ (၆၂%)သည် ဆင်းရဲနှင့် အလွန်ဆင်းရဲအိမ်ထောင်စုများ ဖြစ်ကြပြီး အလယ်အလတ် (၂၇%) ၊ ချမ်းသာ သောအိမ်ထောင်စု (၁၁%)သာရှိသည်။ ကျေးရွာတွင်တွင် မြေယာပိုင်ဆိုင်မှု၊လယ်ယာသုံးစက်ကိရိယာ ပိုင်ဆိုင်မှု တို့မှာအသင့်အတင့်သာရှိသည်။ကျေးရွာတွင် စပါးနှင့်မတ်ပဲ ကိုအဓိကထားစိုက်ပျိုးကြပြီး မိုးစပါးစိုက်ဧက (၆၃၈.၃၅) ရှိသည်။သီးထပ်အဖြစ် မတ်ပဲစိုက်ပျိုးသည်။ယခုနွေရာသီတွင် နွေစပါးအား စိုက်ပျိုးနိုင်တော့မည်ဖြစ်သည်။ မိုးစပါးပျမ်းမျှအထွက်နှုန်းတစ်ဧက(၇၀)တင်းနှင့်မတ်ပဲတစ်ဧက(၃)တင်း ထွက်ရှိသည်။မတ်ပဲဈေးမကောင်းသောကြောင့် နွေစပါးစိုက်ပျိုးနိုင်ရန်အတွက် ဖြူးဆည်မြောင်းဦးစီးဌာန အားတင်ပြတောင်းခံထားပြီးဖြစ်သည်။**

**(ခ) မွေးမြူရေး**

ကျေးရွာတွင် ဝက်မွေးမြူသူ အိမ်ထောင်စုအရေအတွက်မှာ တစ်ရွာလုံး၏ ၂၂ %ဝန်းကျင် သာရှိပြီးဒေသဝက်မျိုးများကိုမွေးမြူကြသည်။ ဒေသ၏ကြက်မွေးသည့်အိမ်ထောင်စုမှာလည်း တစ်ရွာလုံး ၏ ၂၅% ရှိပြီး ဈေးကွက်တွင် ဝယ်လိုအားရှိသည်။ရာသီအလိုက်ဖြစ်ပွားတတ်သော တိရိစ္ဆာန်ရောဂါများမှာ အထူးသဖြင့်ကြက်လည်လိမ်ရောဂါနှင့် ဝက်နားရွက်ပြာရောဂါများပြီး ဝက်နှင့်ကြက်အသေအကြေများ သည်။ နည်းပညာဝန်ဆောင်မှုများကို မြို့နယ်တိမွေးကုဌာနမှ ရရှိနိုင်သော်လည်းဝန်ထမ်းအင်အားနည်း ခြင်းကြောင့် ဆောင်ရွက်ပေးနိုင်မှုအားနည်းသည်။ မွေးမြူရေးဆိုင်ရာ အဟန့်အတားများအနေဖြင့် ဆင်းရဲ သောအိမ်ထောင်စုများအနေဖြင့် မွေးမြူရေးတို့ချဲ့လုပ်ကိုင်ဆောင်ရွက်လိုကြသော်လည်း ငွေကြေးအခက် အခဲနှင့် သွင်းအားစု၊နည်းပညာအခက်အခဲများရှိကြသည်။ ရွာမှငွေချေးသူများထံမှ ချေးယူလျှင် လည်း အတိုးနှုန်းများပြားသဖြင့်လုပ်ကိုင်ရန်မလွယ်ကူပေ။မြစိမ်းရောင်စီမံကိန်းမှ တစ်နိုင်တစ်ပိုင် မွေးမြူရေး လုပ်ငန်းအတွက် အထောက်အကူပြုကာ ကျေးရွာသူ/သားများအတွက် အရင်းအနှီး ရရှိကာ ကောင်းမွန် သော စီမံကိန်းဖြစ်ပါသည်။

**(ဂ) ငါးလုပ်ငန်း**

ကျေးရွာတွင်
ငါးလုပ်ငန်းမွေးမြူရန်မြေနေရာအဆင်မပြေမှု၊သွင်းအားစုခက်ခဲခြင်း၊ဈေး
ကွက်လက်လှမ်းမမှီခြင်းတို့ကြောင့် လုပ်ကိုင်သူမရှိပါ။

**(ဃ) စိုက်ပျိုးမွေးမြူရေး မဟုတ်သောအခြားဝင်ငွေရ လုပ်ငန်း**

ကျေးရွာတွင် အခြားဝင်ငွေရလုပ်ငန်းများမှာ နေ့စားလုပ်သား၊သယ်ယူပို့ဆောင်ရေး၊ ဈေးရောင်း၊ ခေါင်းရွက်ဗျက်ထိုး၊ အစိုးရဝန်ထမ်းများတို့ဖြစ်ကြသည်။ လုပ်ငန်းအများစုမှာ ရာသီဥတုနှင့် အမျိုးအစားအလိုက်တွက်ခြေကိုက်မှု အနည်းအပါးမှ အသင့်အတင့်အနေ အထားရှိသည်။ ပန်းရံ၊လက်သ မားများ၏ ဆရာအဆင့်လုပ်အားခမှာ တစ်ရက်(၇၀၀၀)နှုန်း ရရှိသည်။ ကျေးရွာတွင် စိုက်ပျိုးမှုအတွက် နေ့စားလုပ်သားများအနေဖြင့် ယခုအခါတွင် နွေစပါးစိုက်ပျိုးလာနိုင်မည်ဖြစ်သဖြင့် အလုပ်အကိုင် ပိုမိုရရှိ လာမည်ဖြစ်သည်။ကျေးရွာတွင် ကျား/မ လုပ်အားခ တန်းတူညီမျှမှု ရှိပါသည်။ ကျေးရွာတွင် အလုပ်လုပ် နိုင်သည့် အရွယ်များပြားသော်လည်း အလုပ်အကိုင်အခွင့်အလမ်းနည်းပါးခြင်း၊အသက်မွေးဝမ်းကျောင်း ပညာတတ်မြောက်မှုနည်းပါခြင်းတို့ကြောင့် အလုပ်အကိုင်ရှားပါးကြသည်။ဖြူးမြို့ပေါ်တွင် အပ်ချုပ်၊ဇာထိုး ပန်းထိုး၊ ဆံပင်မိတ်ကပ်အလှပြုပြင်၊မုန့်လုပ်ငန်း၊စက်ပြင်၊ မိုဘိုင်းဖုန်းပြင်၊ကားမောင်းသင်တန်းများ ရှိသော်လည်း ရွာသူ/သားများသည် တက်ရောက်နိုင်ခြင်းမရှိပါ။လုပ်ငန်းခွင်သုံးပညာအရည်အချင်းပိုင်း တွင်လည်းအနည်းငယ် နိမ့်ကျပြီး ကျွမ်းကျင်မှုအခြေခံအားနည်းသဖြင့် အလုပ်အကိုင် ရရှိမှုအားနည်း သည်။

**(င) ဘဏ်နှင့်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု**

ကျေးရွာမှတောင်သူများသည် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ထုတ်ချေးသော ချေးငွေကို တစ်လအတိုးနှုန်း (၇၀)ပြားတိုး၊တစ်ဧက (၁၅၀၀၀၀)ကျပ်နှုန်းဖြင့် အများဆုံး(၁၀)ဧက ထိချေးယူနိုင်သည်။ ကျေးရွာတွင် သမဝါယမအသင်းမစိုက်ပျိုးရေးလုပ်ကိုင်သူများအား ထုတ်ချေးပေးသည်။ မြစိမ်းရောင် စီမံကိန်းမှလည်း စိုက်ပျိုးရေးလုပ်ငန်းဖြင့်ချေးငွေများရရှိကာ လယ်ယာလုပ်ကိုင်သူများ အတွက် အထောက်အကူပြုပါသည်။

**(၅) အခြေခံအဆောက်အဦးနှင့် ဝန်ဆောင်မှုများ**

၂၀၁၇-၂၀၁၈ခုနှစ်က ပေ(၁၅၄၀၀)အရှည်ရှိ ငွေးပင်မြောင်-ဆင်တဲကုန်း-လိပ်ပေါ-ကုန်းအင်း(န) ကျေးရွာချင်းဆက်လမ်းအား ပြည်သူ့လွှတ်တော်ရန်ပုံငွေ သိန်း(၅၀) နှင့် ပြည်သူထည့်ဝင်ငွေ သိန်း(၁၁၅) ဖြင့် ကျောက်ရောမြေလမ်းခင်းခဲ့သဖြင့် တစ်နှစ်ပတ်လုံးသွားလာ ရန်အဆင်ပြေသည်။ ကျေးရွာတွင်းရှိ လမ်းများသည် မြေသားလမ်းများဖြစ်၍ မိုးအခါ သွားလာရန်ခက်ခဲသည်။ ရေလမ်းခရီးမရှိပါ။ဖြူးမြို့သို့ ဆက်သွယ်သွားလာရန် မော်တော် ဆိုင်ကယ်၊စက်ဘီး၊ထော်လာဂျီနှင့် ကားတို့ကိုအသုံးပြုလျက်ရှိသည်။

လိပ်ပေါကျေးရွာတွင် လျှပ်စစ်မီးမရရှိသေးသဖြင့် မြို့နယ်လျှပ်စစ်ရုံး တင်ပြတောင်းခံထားပြီး မြို့နယ်ဌာနမှ လည်းကွင်းဆင်းတိုင်းတာခြင်းများ ပြုလုပ်ထားရုံသာရှိသေးသည်။ ကျွန်တော်တို့ကျေးရွာ သည် 11KVနှင့် (၃)မိုင်သာဝေးကွာပြီး လျှပ်စစ်မီးအလျှင်အမြန် ရရှိရန်အတွက် အုပ်ချုပ်ရေးအဖွဲ့မှ ဦးဆောင်၍ ဆောင်ရွက်လျက်ရှိသည်။လျှပ်စစ်မီးရရှိလျှင် ကျေးရွာလူထုအတွက် များစွာအကျိုးဖြစ်ထွန်း ကာတိုးတက်လာမည်ဟုလည်းခန့်မှန်းမိသည်။ လိပ်ပေါကျေးရွာတွင် မိုဘိုင်းဖုန်းဆက်သွယ်ရေးကို ဈေးကွက်နှင့် အခြားလူမှုလုပ်ငန်းများအတွက် လက်လှမ်းမှီစွာအသုံးပြုနိုင်သည်။ ကျေးရွာတွင် အင်တာ နက်အသုံးပြုနိုင်မှု မှာအသင့်အတင့်မျှသာ ကောင်းမွန်ပြီး အခြားသတင်းအချက်အလက်များအတွက် ချိတ် ဆက်အသုံးပြုနိုင်သည်။ ကျေးရွာတွင် စာကြည့်တိုက်မရှိဘဲ အချို့မှာ သတင်းစာ၊ဂျာနယ်များ ဝယ်ယူဖတ် ရှုကြပြီး တစ်ရွာလုံးအတိုင်းအတာဖြင့် တယ်လီဖုန်းနှင့် သတင်းဆက်သွယ်ရေးမှာ အသင့်အတင့်ကောင်း မွန်ကြောင်း တွေ့ရသည်။ ကျေးရွာ အိမ်ဈေးဆိုင်(၉)ဆိုင်ရှိပြီး ဖြူးဈေးမှ ဝယ်ယူရောင်းချလျက်ရှိရာ ဈေးနှုန်းသင့်တင့်သဖြင့် အဆင်ပြေပါသည်။

**(၆) ပညာရေး**

ကျေးရွာတွင် အ.လ.က(ခွဲ)ကျောင်းရှိပြီး သွပ်မိုး၊အုတ်နံရံကာနှင့် ကွန်ကရစ်ကြမ်းခင်း ကျောင်းဆောင်တစ်ဆောင်သာရှိပြီး ကျောင်းသားနှင့် ကျောင်းဆောင်မလုံအလောက်မှုရှိသည်ကိုတွေ့ရ သည်။ကျေးရွာသားများအားလုံးမှာ စာတတ်မြောက်မှုရှိပါသည်။ ကျေးရွာလူဦးရေ၏(၁%)မှာ ဘွဲ့ကြီး ကျောင်းပညာရေးကို သင်ယူထားရှိခဲ့ကြသည်။ မူလတန်း၊ အလယ်တန်းအောင်ရာခိုင်နှုန်းမြင့်မားပြီး တက္ကသိုလ်ဝင်တန်း အောင်ချက်ရာခိုင်နှုန်း နည်းပါးသည်။ ကျောင်းတွင်းပရိဘောဂလုံလောက်မှု ရှိပါသည်။ ဆရာ/မ အင်အားလုံလောက်မှုရှိပါသည်။ကျောင်းသားများအား အဟာရတိုက်ကျွေးမှုလည်းရှိပါသည်။

**(၇) ကျန်းမာရေး**

ကျေးရွာတွင် ကျန်းမာရေးဌာနခွဲ ဆေးပေးခန်းမရှိပါ။ သားဖွားဆရာမတစ်ဦး သာရှိသည့် အတွက် လုံလောက်မှုမရှိပါ။ကျန်းမာရေးအတွက်(၆)မိုင်ဝေးသော ဖြူးဆေးရုံကြီးနှင့် မြို့ပေါ်ဆေးခန်း များသို့ သွားရောက်ကုသကြရသည်။သောက်သုံးရေအတွက် ရေတုံကင်များမှ သုံးစွဲကြပြီး ရေအရည်သွေး စစ်ဆေးထားမှုမရှိဘဲ ရေကိုစစ်၍သာသောက် သုံးကြသည်။ ချမ်းသာသော အိမ်ထောင်စုများက အိမ်သာ ကျင်းအား အုတ်ဖြင့်ဆောက်လုပ်ထားကြပြီး ကျန်အိမ်ထောင်စုများမှာ ဝါးရိုင်ဖတ်ဖြင့်ကျင်းပြုလုပ်ကာ အသုံးပြုလျက်ရှိသည်။ တစ်ရွာလုံးနီးပါး ယင်လုံအိမ်သာ သုံးစွဲကြသဖြင့် ဝမ်းပျက်ဝမ်းလျှောရောဂါ ဖြစ်ပွားမှု နည်းပါးသည်။ စာသင်ကျောင်းတွင်းရှိ ယင်လုံအိမ်သာမှာလည်း စနစ်တကျဆောက်လုပ်ထား သည့်အတွက် ကျောင်းသူ/သားများအတွက်အသုံးပြုရန် ကောင်းမွန်သည်။

## (၈) ဘေးအန္တရာယ်နှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး

ကျေးရွာမှာ မြေမြင့်သောအပိုင်းတွင်တည်ရှိ၍ ရေကြီးလွှမ်းမိုးမှုမှကင်းလွတ်သည်။မြေပြန့်ဒေ သဖြစ်သော်လည်း၊ မုန်တိုင်းဘေးအန္တရာယ်မှ ကင်းလွတ်သည်။ကျေးရွာတွင် စပါးနှင့်မတ်ပဲကိုအဓိကစိုက် ပျိုးပြီးစိုက်ခင်းများတွင် ပိုးမွှားကျရောက်မှုကြောင့် ပေါင်းသတ်ဆေးများ၊ပိုးသတ်ဆေးများသုံးစွဲမှုများလာ ခြင်း၊ဓါတုပိုးသတ်ဆေးများသုံးဆွဲမှုများလာပြီး မြေဆီလွှာပျက်ဆီးမှုရှိလာခြင်းတို့ဖြစ်ပေါ်လာနိုင်ပါသည်။ တောင်သူများအနေဖြင့်လည်း ဓါတုပိုးသတ်ဆေးများအသုံးပြုရာတွင် စွန့်ပစ်ပစ္စည်းများ စနစ်တကျ စွန့်ပစ်နိုင်ရန် လိုအပ်သေးသည်။ အမှိုက်စီမံခန့်ခွဲမှုပြုလုပ်တတ်လာရန် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အသိပညာပေးလုပ်ငန်းများမြှင့်တင်ဆောင်ရွက်ပေးသင့်ပါသည်။

## (၉) ကျား/ မ ရေးရာ

ကျေးရွာတွင် ကျား/မရေးရာဆိုင်ရာ ဆက်နွယ်မှု တည်ငြိမ်ကောင်းမွန်ပါသည်။ မိသားစု အတွင်း ကျား/မတို့၏ အခန်းကဏ္ဍအသီးသီးကို ရပ်ရွာသတ်မှတ်ချက်များအတိုင်း ကျင့်သုံးကြပါသည်။ ကျားနှင့်မကြား ပြင်းထန်သော အိမ်တွင်းအကြမ်းဖက်မှုနှင့် ခွဲခြားဆက်ဆံခြင်းကိစ္စများ မတွေ့ရပါ။ ကျေးရွာတွင် အမျိုးသား၊အမျိုးသမီးများသည် သာမာန်အားဖြင့် ပညာရေးနှင့် အခြားနယ်ပယ်များတွင် အခွင့်အရေးတူညီစွာရရှိသည်ဟု ယေဘူယျပြောနိုင်ပါသည်။ ပညာရေးနှင့်ဆိုင်သော ကိန်းဂဏာန်းများတွင် မူလတန်း၊ အလယ်တန်းနှင့် အထက်တန်းများရှိ ကျား၊မ အရေအတွက်မှာ အလွန်ကွာခြားမှုမရှိသဖြင့် အမျိုးသမီးများအတွက် ပညာသင်ယူရေးဆိုင်ရာအခွင့်အလမ်းများမှာ အမျိုးသားများနှင့် အတူတူပင်ဖြစ် သည်။ ကျေးရွာတွင် နေ့တွက်လုပ်အားခငွေများမှာ အမျိုးသားများနှင့် အမျိုးသမီးများ အတူတူပင် ဖြစ်သည်။ အုပ်ချုပ်ရေးအဖွဲ့အစည်းများတွင် အမျိုးသမီးပါဝင်မှုမှာ အလွန်လျော့ နည်းလျက်ရှိသော်လည်း အခြားလူမှုရေးအသင်းအဖွဲ့များတွင်မူ အမျိုးသမီးပါဝင်မှု အသင့်အတင့် ရှိကြသည်။ ကျား/မတန်း တူညီမျှမှုနှင့်ပတ်သက်၍ အသိပညာပေးခြင်းများကို မြှင့်တင်ဆောင်ရွက်ပေးခြင်းဖြင့် ကျား/မတန်း တူညီမျှမှု ဖွံ့ဖြိုးမှုတို့အတွက် ပိုမိုအထောက်အပံ့ဖြစ်လာနိုင်ပါသည်။

## (၁၀) ဦးစားပေးဆောင်ရွက်ရမည့် အဆိုပြုစီမံချက်လုပ်ငန်းများ

စီမံချက်များအလိုက် ဦးစားပေးအစီအစဉ်များကို ဇယားဖြင့် ဖော်ပြထားပါသည်။ သစ်ချောက်ခင် ကျေးရွာလူထုသည် နှစ်သက်ရာ အမှတ်ပေးစနစ် ခွဲခြင်းစနစ်ဖြင့် ရွာလုံးကျွတ် အစည်းအဝေးတွင် စီမံချက်များဦးစားပေး အစီအစဉ်ကိုဖော်ထုတ်ထားပါသည်။ အချို့စီမံချက်များကို ရေးဆွဲရာတွင် မြို့နယ်အဆင့်ဌာနဆိုင်ရာအဖွဲ့အစည်းများနှင့် အခြားအေဂျင်စီများထံမှ နည်းပညာ အကူအညီများရရှိရန်လည်း လိုအပ်ပါသည်။ လိပ်ပေါ်ကျေးရွာ ဖွံ့ဖြိုးရေးအစည်း

အဝေးတွင် သဘောတူ သတ်မှတ်ထားသော ဦးစားပေးစီမံချက် လုပ်ငန်းများမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

## ၅. ဦးစားပေးဆောင်ရွက်မည့်ဖွံ့ဖြိုးရေးလုပ်ငန်းများ

| ကဏ္ဍ/ အကြောင်းအရာ | စီမံချက် | ရမှတ် ပေါင်း | အဆင့် | စီမံချက်အကြောင်းရှင်းလင်း ဖော်ပြချက် |
|---|---|---|---|---|
| ကျေးရွာတွင်းလမ်းကွန်ကရစ်ခင်းခြင်း | ၁။လမ်းတံတားဖွံ့ဖြိုးမှု စီမံချက် | ၅၀ | ၁ | -မိုးရာသီတွင် သွားလာရေး အဆင်ပြေစေရန် |
| လျှပ်စစ်မီးသွယ်တန်းခြင်း | ၂။မီးလင်းရေးစီမံချက် | ၄၈ | ၂ | -ကျေးရွာတွင်လျှပ်စစ်မီးသုံးစွဲစေရန် |
| ဆေးပေးခန်းဆောက်လုပ်ခြင်း | ၃။ ကျန်းမာရေးစီမံချက် | ၄၅ | ၃ | ကျန်းမာရေးကိစ္စများအဆင်ပြေစေရန် |
| စာသင်ကျောင်းဆောင်သစ်ဆောက်လုပ်ခြင်း | ၄။ ပညာရေးစီမံချက် | ၃၆ | ၄ | စာသင်ဆောင်နှင့်ကျောင်းသားမျှတမှု ရှိစေရန် |

**နောက်ဆက်တွဲ (၁)**
**ပဲခူးတိုင်းဒေသကြီး၊တောင်ငူခရိုင်၊ဖြူးမြို့နယ်**
**လိပ်ပေါက်ကျေးရွာ-ကျေးရွာဖွံ့ဖြိုးရေးကော်မတီ**

| စဉ် | အမည် | အဘအမည် | မှတ်ပုံတင်အမှတ် | အသက် | တာဝန် | ဖုန်းနံပါတ် |
|---|---|---|---|---|---|---|
| ၁ | ဦးမင်းမင်းလတ် | ဦးကျော်ဦး | ၇/ဖမန (နိုင်)၀၂၁၅၆၃ | ၄၂ | ဥက္ကဋ္ဌ | |
| ၂ | ဦးခွေးပု | ဦးအောင်လှ | ၇/ဖမန (နိုင်)၀၁၀၂၄၅ | ၅၁ | အတွင်းရေးမှူး | |
| ၃ | ဦဝင်းတင့် | ဦးတင်ဦး | ၇/ဖမန (နိုင်)၀၀၁၁၅၅ | ၅၀ | ဝယ်ယူရေးဥက္ကဋ္ဌ | |
| ၄ | ဦးအောင်ဝင်း | ဦးဝင်းနိုင် | ၇/ဖမန(နိုင်)၀၄၅၂၆၁ | ၄၄ | ဘဏ္ဍာရေးမှူး | |
| ၅ | ဒေါ်မိုးမိုး | ဦးထွန်းနိုင် | ၆/လလန(နိုင်)၀၇၈၉၀၃ | ၄၀ | စာရင်းကိုင် | |
| ၆ | ဒေါ်အေးဝင်း | ဦးဟန်မြင့် | ၇/ဖမန (နိုင်)၀၁၆၈၈၉ | ၃၉ | အဖွဲ့ဝင် | |
| ၇ | ဒေါ်ဖြူဝင်း | ဦးမြ | ၇/ဖမန (နိုင်)၀၃၃၆၄၆ | ၄၀ | အဖွဲ့ဝင် | |
| | | | | | | |
| | | | | | | |

# ကျေးရွာဖွံ့ဖြိုးရေးလက်ရှိအခြေအနေအား သုံးသပ်ရန် အထောက်အကူပြု ဇယားများ

(၁) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ

ဇယား (၁) လူဦးရေနှင့် လူဦးရေဆိုင်ရာအချက်အလက်များ

| အသက်အုပ်စု | | ကျား | မ | စုစုပေါင်း |
|---|---|---|---|---|
| ၁ နှစ် အောက် | နို့စို့အရွယ် | ၈ | ၅ | ၁၃ |
| ၁ နှစ်မှ ၄ နှစ် အထိ | ၅နှစ်အောက်ကလေးငယ် | ၃၀ | ၂၅ | ၅၅ |
| ၅ နှစ်မှ ၉ နှစ် အထိ | မူလတန်းကျောင်းသားအရွယ် | ၄၆ | ၃၅ | ၈၁ |
| ၁၀ နှစ်မှ ၁၄ နှစ် အထိ | အလယ်တန်းကျောင်းသားအရွယ် | ၃၆ | ၄၄ | ၈၀ |
| ၁၅ နှစ်မှ ၆၄ နှစ် အထိ | အလုပ်လုပ်နိုင်သည့်အရွယ် | ၃၁၁ | ၃၀၁ | ၆၁၂ |
| ၆၅ နှစ်အထက် | သက်ကြီးရွယ်ကြီး | ၂၀ | ၃၆ | ၅၆ |
| စုစုပေါင်း | | ၄၅၁ | ၄၄၆ | ၈၉၇ |
| စုစုပေါင်း အိမ်ထောင်စု | | ၂၀၁ | | |

ရင်းမြစ်- (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင်စုစုပေါင်းအိမ်ထောင်စု(၂၀၁)အိမ်ရှိပါသည်။လူဦးရေ (၈၉၇)ဦးရှိပြီး လူဦးရေ၏(၁၀%)သည်နို့စို့အရွယ်နှင့်(၅)နှစ်အောက်ကလေးများ၊(၂၀%)သည် ကျောင်းနေအရွယ်ကလေးများ၊(၆၅%)သည်အလုပ်လုပ်နိုင်သောအရွယ်ဖြစ်ပြီး(၅%)သည်သက်ကြီး ရွယ်ကြီးဖြစ်ကြ၍ အလုပ်လုပ်နိုင်သောအရွယ်အများဆုံးရှိသည်ကိုတွေ့ရသည်။

(၂) သဘာဝအရင်းအမြစ်နှင့် ရာသီဥတုအခြေအနေ

(၂.၁) ကျေးရွာ၏မြေပိုင်ဆိုင်မှု နှင့် ရေအရင်းအမြစ်များ

ဇယား (၂)ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှုနှင့် ရေအရင်းအမြစ်အခြေအနေ

| မြေအမျိုးအစား | ဧရိယာ (ဧက) | မြေဆီလွှာ အရည်အသွေး ကောင်း၊သင့်၊ညံ့ | ရေရရှိမှု (ရ၊မရ၊အနည်း အကျဉ်း) | ရရှိနိုင်သော ရေအရင်းအမြစ် (မြေအောက်ရေ၊ချောင်း၊မြစ်၊စိမ့်စမ်း စသည်) |
|---|---|---|---|---|
| လယ်မြေ | ၄၀၁.၅ | သင့် | | |
| ယာမြေ | ၅၄.၅ | သင့် | | |
| ဥယျာဉ်ခြံမြေ | ၂၀ | သင့် | | |
| အိမ်ခြံဝင်း စိုက်ခင်း | | | | |
| ကိုင်း၊ကျွန်းမြေ | | | | |
| စားကျက်မြေ | | | | |
| ပလပ်မြေ | | | | |
| သစ်တောမြေ | | | | |
| စုစုပေါင်း | ၄၇၆ | | | |

ရင်းမြစ် - ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊

မှတ်ချက်။ ။ရေရှိသည့်အရင်းအမြစ်အမျိုးအစား-ဆည်၊မြစ်ရေတင်၊စိမ့်စမ်းရေသွယ်၊မြေအောက်ရေ

လေ့လာတွေ့ရှိချက်(အခက်အခဲ၊စိန်ခေါ်မှုနှင့် အခြား)။ ။ကင်မွန်းခြံကျေးရွာသည် စုစုပေါင်း စိုက်ပျိုးမြေဧက(၄၇၆)ရှိပြီး အိမ်ခြံဝင်းစိုက်ခင်းအနည်းငယ်စီရှိကြသည်။စိုက်ပျိုးမြေ၏၈၀%သည် လယ်မြေများဖြစ်ပြီး၁၅%သည်ယာမြေများဖြစ်သည်။လယ်မြေများသည်မိုးရာသီတွင်စပါးကိုအဓိက စိုက်ပျိုးပြီး ဆောင်းရာသီတွင် ပဲအမျိုးမျိုးစိုက်ပျိုးကြသည်။အချို့လယ်မြေများသည်မိုးရာသီတွင် စစ်တောင်းမြစ်မှ ရေကြီးရေလျှံမှုကြောင့် စပါးစိုက်၍မရပါ။ယာမြေများသည်လည်းမိုးအခါစပါးစိုက် ပျိုး၍မရဘဲဆောင်းရာသီမှသာ ပဲအမျိုးမျိုးစိုက်ပျိုးကြသည်။ဥယျာဉ်ခြံမြေများသည်နှစ်ရှည်ပင်များ သာစိုက်ပျိုးကြသည်။အိမ်ခြံဝင်းစိုက်ခင်းများသည်လည်းရာသီအလိုက်သစ်သီးဝလံများစိုက်ပျိုးကြသည်။

(၂.၂) ဓါတ်သတ္တုနှင့်အခြားသဘာဝအရင်းအမြစ်များ

ဇယား (၃) ဓါတ်သတ္တုနှင့် အခြားသဘာဂအရင်းအမြစ်များ

| အမျိုးအစား | ရရှိနိုင်မှု<br>(များ။သင့်။နည်း။မရှိ) | အသုံးပြုနိုင်မှု<br>(လွယ်။ခက်။ လက်လှမ်းမမှီ) |
|---|---|---|
| ကာဗွန် (ဓါတ်ငွေ့။ရေနံ) | - | - |
| ဓါတ်သတ္တု(ကျောက်မျက်၊သတ္တု၊ကျောက်၊ ကျောက်မီးသွေး၊ သဲ) စသည့် | သင့် | ခက် |
| အခြားသဘာဝအရင်းအမြစ် | | |
| တိရစ္ဆာန်မျိုးစိတ်များ | - | - |
| အပင်မျိုးစိတ်များ (လူ၊တိရစ္ဆာန်တို့အတွက် အသုံးဝင်သော) | | |
| ပျှမ်းမျှအပူချိန် - ၃၄ဒီဂရီ | ပျှမ်းမျှ မိုးရေချိန် -၆၀ | |

ရင်းမြစ် - ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊

လေ့လာတွေ့ရှိချက်(အခက်အခဲ၊စိန်ခေါ်မှုနှင့် အခြား)။ ။ကျေးရွာအနီးရှိကွင်းချောင်းမှ သဲ အသင့်အတင့် ရရှိပါသော်လည်း အသုံးပြုနိုင်ရန်ခက်ခဲပါသည်။ ကွင်းချောင်းရေအားလျှပ်စစ်မှ လျှပ်စစ်ဓါတ်အားထုတ်လုပ်မှုကြောင့် ကွင်းချောင်းသည်တစ်နှစ်ပတ်လုံးရေစီးစီးလျှက်ရှိပါသည်။ ဒေသသည် နှစ်စဉ်မိုးရေချိန်ပျမ်းမျှ (၆၀) လက်မရှိပြီး စိုက်ပျိုးရေအတွက် အသင့်အတင့် လုံလောက်ပါသည်။

(၃) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ

ဇယား (၄) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

| စဉ် | အဖွဲ့အစည်း အမည် | အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်) | လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။) | အဖွဲ့အစည်း၏စွမ်းဆောင်ရည် အခြေအနေ (သို့) ခိုင်မာတောင့်တင်းမှုဆိုင်ရာရှင်း လင်းဖော်ပြချက် |
|---|---|---|---|---|
| ၁ | သာရေး နာရေးအဖွဲ့ | ၁☐ ၂✔ ၃☐ | ပညာရေး ✔ငွေကြေး ✔<br>ကျန်းမာရေး ✔ဘာသာရေး ✔<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး။နာရေး၊လူမှုဖွံ့ဖြိုးရေး ✔ | ကောင်း |

| စဉ် | အဖွဲ့အစည်းအမည် | အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်) | လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။) | အဖွဲ့အစည်း၏စွမ်းဆောင်ရည် အခြေအနေ (သို့) ခိုင်မာတောင့်တင်းမှုဆိုင်ရာရှင်းလင်းဖော်ပြချက် |
|---|---|---|---|---|
| | | | လုံခြုံရေးနှင့် ကာကွယ်ရေး☐ | |
| ၂ | ရပ်မိရပ်ဖ | ၁☐ ၂✔ ၃☐ | ပညာရေး✔ငွေကြေး✔<br>ကျန်းမာရေး✔ဘာသာရေး✔<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး၊နာရေး၊လူမှုဖွံ့ဖြိုးရေး ✔<br>လုံခြုံရေးနှင့် ကာကွယ်ရေး✔ | ကောင်း |
| ၃ | အုပ်ချုပ်ရေး | ၁☐ ၂✔ ၃☐ | ပညာရေး✔ငွေကြေး✔<br>ကျန်းမာရေး✔ဘာသာရေး✔<br>စိုက်ပျိုးမွေးမြူရေး ✔<br>သာရေး၊နာရေး၊လူမှုဖွံ့ဖြိုးရေး✔<br>လုံခြုံရေးနှင့် ကာကွယ်ရေး✔ | ကောင်း |
| ၄ | မိဘဆရာအသင်း၊ ကျောင်းအကျိုးတော်ဆောင် | ၁☐ ၂✔ ၃☐ | ပညာရေး ✔ ငွေကြေး☐<br>ကျန်းမာရေး✔ဘာသာရေး✔<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး၊နာရေး၊လူမှုဖွံ့ဖြိုးရေး ✔<br>လုံခြုံရေးနှင့် ကာကွယ်ရေး☐ | ကောင်း |
| ၅ | မီးကော်မတီ | ၁☐ ၂✔ ၃☐ | ပညာရေး☐ငွေကြေး✔<br>ကျန်းမာရေး☐ဘာသာရေး☐<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး၊နာရေး၊လူမှုဖွံ့ဖြိုးရေး ✔<br>လုံခြုံရေးနှင့် ကာကွယ်ရေး☐ | သင့် |
| ၆ | ဂေါပက | ၁☐ ၂☐ ၃✔ | ပညာရေး☐ငွေကြေး☐<br>ကျန်းမာရေး☐ဘာသာရေး✔<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး၊နာရေး၊လူမှုဖွံ့ဖြိုးရေး ✔<br>လုံခြုံရေးနှင့် ကာကွယ်ရေး☐ | သင့် |
| ၇ | ကျန်းမာရေး | ၁☐ ၂✔ ၃☐ | ပညာရေး☐ငွေကြေး☐<br>ကျန်းမာရေး ✔ ဘာသာရေး☐<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး၊နာရေး၊လူမှုဖွံ့ဖြိုးရေး ☐<br>လုံခြုံရေးနှင့် ကာကွယ်ရေး☐ | သင့် |

**ရင်းမြစ် - ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု။**

**အုပ်စုအမျိုးအစား**

(၁) **စီးပွားရေးအခြေခံသောအုပ်စု- လယ်သမားအဖွဲ့၊ ငွေစုငွေချေးအဖွဲ့ စသည့်။**

(၂) **လူမှုရေးအဖွဲ့ -ဥပမာ - အမျိုးသမီးအဖွဲ့၊ လူငယ်အဖွဲ့၊ ကိုယ်ထူကိုယ်ထအဖွဲ့။**

(၃) **ဘာသာရေးနှင့် ယဉ်ကျေးမှုအဖွဲ့။**

**လေ့လာတွေ့ရှိချက်(အခက်အခဲ၊စိန်ခေါ်မှုနှင့် အခြား)။ ။ကျေးရွာတွင်အဖွဲ့အစည်းများစွာရှိသည့် အနက် သာရေးနာရေးအဖွဲ့၊ရပ်မိရပ်ဖအဖွဲ့၊အုပ်ချုပ်ရေးအဖွဲ့၊မိဘဆရာအသင်း၊ကျောင်းအကျိုးတော်**

ဆောင်အဖွဲ့၊ဂေါပက၊ဓမ္မစကြာအဖွဲ့၊မီးကော်မတီ၊ကျန်းမာရေးအဖွဲ့တို့သည်ပူးပေါင်းဆောင်ရွက်ကာ ကျေးရွာအတွက်အကျိုးပြုသည်။လူမှုရေးအဖွဲ့အစည်းတစ်ခုဖြစ်သည့်သာရေးနာရေးအဖွဲ့သည် ကျေးရွာတွင်းလုပ်ငန်းတာဝန်များမှအစ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကိုအဓိကတာဝန် ယူလုပ်ဆောင်ပေးသောအဖွဲ့ဖြစ်ပြီးစည်းလုံးညီညွတ်ကျေးရွာရှိအိမ်ထောင်စုအားလုံးပါဝင်သောအဖွဲ့ အစည်းဖြစ်သည်။ကျေးရွာအုပ်ချုပ်ရေးအဖွဲ့သည်လည်းကျေးရွာပြင်ပအဖွဲ့အစည်းဌာနဆိုင်ရာများ နှင့်ချိတ်ဆက်ဆောင်ရွက်မှုရှိသည်။

(၄) **စီးပွားရေးနှင့်အသက်မွေးမှု အခြေအနေ**

(၄.၁) **ဥစ္စာဓနအဆင့်အခြေအနေ**

**ဇယား (၅)ဥစ္စာဓနအဆင့် အခြေအနေ**

| အကြောင်း အရာ | သတ်မှတ်စံနှုန်း | | | |
|---|---|---|---|---|
| | အဆင်ပြေသော အိမ်ထောင်စု | အလယ်အလတ်ရှိ သောအိမ်ထောင်စု | မပြေလည်သော အိမ်ထောင်စု | အလွန်မပြေလည် သောအိမ်ထောင်စု |
| မြေယာပိုင်ဆိုင်မှု | ၁၂ဧကအထက် | ၅ဧကမှ ၁၂ဧက | ၅ဧကအောက် | မြေယာမဲ့ |
| အိမ်အခြေအနေ | တိုက်ခံ ပျဉ်ထောင် | သွပ်မိုး၊ပျဉ်ထောင် | ပျဉ်ထောင်အိမ် | ဝါးထရံကာ၊နိမိုး |
| ကုန်ထုတ်လုပ်မှုနှင့် ဆိုင်သော ပိုင်ဆိုင်မှု | ထွန်စက် | ဒေါင်ဖန်း နွား၊နွားလှည်း | မရှိ | မရှိ |
| အဓိကစီးပွားရေး လုပ်ငန်း | စိုက်ပျိုးရေး | စိုက်ပျိုးရေး၊ မွေးမြူရေး | နေ့စား၊စိုက်ပျိုး ရေး၊မွေးမြူရေး | ကျပန်း |
| အိမ်ထောင်စု | ၆ | ၂၃ | ၆၂ | ၁၁၀ |

ရင်းမြစ် - (၁) ကျေးရွာလုံးကျွတ် အစည်းအဝေးပြုလုပ်ခြင်း။

လေ့လာတွေ့ရှိချက်(အခက်အခဲ၊စိန်ခေါ်မှုနှင့်အခြား)။ ။ကျေးရွာသည်ဥစ္စာဓနအဆင့်အခြေအနေ တွင်အဆင်ပြေသောအိမ်ထောင်စုနည်းပါးသည်။ဆင်းရဲသောကျေးရွာဖြစ်သည်။

(၄.၂) **သီးနှံထုတ်လုပ်ရေး**

(၄.၂.၁) **စိုက်ပျိုးနိုင်သော မြေဧရိယာ**

**ဇယား (၆)** ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု၊မြေယာပိုင်ဆိုင်သည့်အိမ်ထောင်စု

| စဉ် | မြေပိုင်ဆိုင်မှု အရွယ်အစား | အိမ်ထောင်စု အရေအတွက် | အိမ်ထောင်စု % | ဖွံ့ဖြိုးရေးအမြင် သတ်မှတ်ချက် |
|---|---|---|---|---|
| ၁ | မြေယာမဲ့ | ၁၁၀ | ၅၅ | မြေမဲ့ယာမဲ့ |
| ၂ | ၂.၅ဧကအောက်(၁ ဟတ် တာထိ) | ၂၁ | ၁၁ | ဆင်းရဲသားတောင်သူ |
| ၃ | ၂.၅ဧကမှ ၅ ဧကထိ (၂ ဟတ်တာထိ) | ၄၁ | ၂၀ | တောင်သူငယ် |
| ၄ | ၅ဧကမှ၁၂.၅ဧကကြား (၅ဟတ်တာထိ) | ၂၃ | ၁၁ | အလယ်အလတ်စားတောင်သူ |

| စဉ် | မြေပိုင်ဆိုင်မှု အရွယ်အစား | အိမ်ထောင်စု အရေအတွက် | အိမ်ထောင်စု % | ဖွံ့ဖြိုးရေးအမြင် သတ်မှတ်ချက် |
|---|---|---|---|---|
| ၅ | ၁၂.၅ဧကအထက် (၅ဟတ်တာနှင့် အထက်) | ၆ | ၃ | တောင်သူကြီး |
| | ကျေးရွာရှိအိမ်ထောင်စု စုစုပေါင်း | ၂၀၁ | | |

ရင်းမြစ် -(၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၃) လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်(အခက်အခဲ၊စိန်ခေါ်မှုနှင့်အခြား) ။ ။ကျေးရွာတွင်စိုက်ပျိုးမြေဧက(၄၇၆)ဧက ရှိသော်လည်း မြေယာပိုင်ဆိုင်သော အိမ်ထောင်များတွင်လည်း တောင်သူကြီးနည်းပါးကာ တောင်သူ ငယ်များသာဖြစ်ကြသည်။

(၄.၂.၂) **အဓိကသီးနှံများနှင့် အထွက်နှုန်း**

**ဇယား (၇) အဓိကသီးနှံများနှင့် အထွက်နှုန်း**

| သီးနှံ | စုစုပေါင်း စိုက်ဧက | တစ်ဧက အထွက်နှုန်း | | | | အကျိုးအမြတ်ရရှိမှု (နည်း၊သင့်၊များ) ရှင်းလင်းဖော်ပြချက် |
|---|---|---|---|---|---|---|
| | | ယူနစ် | အနည်းဆုံး | အများဆုံး | ပျှမ်းမျှ | |
| စပါး | ၄၀၁.၅ | တင်း | ၆၀ | ၈၀ | ၇၀ | သင့် |
| မတ်ပဲ | ၄၄၀ | တင်း | ၅ | ၁၅ | ၁၀ | နည်း |
| ပဲတီစိမ်း | ၈ | တင်း | ၅ | ၁၅ | ၁၀ | သင့် |
| ပဲလွန်းဖြူ | ၈ | တင်း | ၅ | ၁၅ | ၁၀ | သင့် |
| | | | | | | |
| | | | | | | |
| | | | | | | |

ရင်းမြစ် - ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ကင်မွန်းခြံကျေးရွာသည် အဓိကစိုက်ပျိုးသီးနှံများမှာ စပါးနှင့် မတ်ပဲဖြစ် ပြီး အထွက်နှုန်းအသင့်အတင့်ကောင်းမွန်ပါသည်။ယာမြေအများစုမှာမိုးရာသီစစ်တောင်းမြစ်ရေ ကြီးရေလျှံမှုကြောင့် စပါးစိုက်ပျိုး၍မရဘဲ ပဲစိုက်ရာသီရောက်မှသာ မတ်ပဲ၊ပဲတီစိမ်းနှင့်ပဲလွန်းဖြူတို့ ကိုစိုက်ပျိုးကြသည်။ယာမြေများသည် တစ်သီးသာစိုက်ပျိုးရသဖြင့် သီးနှံအထွက်နှုန်းအသင့်အတင့် ကောင်းမွန်ကြောင်းလည်းတွေ့ရှိရပါသည်။

(၄.၃) **မွေးမြူရေးလုပ်ငန်း**

**ဇယား (၈) မွေးမြူရေးနှင့်ငါးလုပ်ငန်းဆောင်ရွက်မှုအခြေအနေ**

| မွေးမြူရေးနှင့် ငါးလုပ်ငန်း | မွေးမြူရေးနှင့်ငါးလုပ်ငန်း လုပ်ကိုင်နေသောအိမ်ထောင်စု | ကောင်ရေ |
|---|---|---|
| **မွေးမြူရေး** | | |
| **နွား** | ၅ | ၆၂ |
| **နို့စားနွား** | | |
| **ကျွဲ** | | |
| **မြင်း** | | |
| မြည်း | | |
| လား | | |
| ဆိတ် | | |
| သိုး | | |
| ဝက် | ၃၇ | ၆၁ |
| ကြက် | ၁၉ | ၇၇၅ |
| ဘဲ | ၈ | ၃၇ |
| နွားနောက် | | |
| **ငါးလုပ်ငန်း** | | |
| ငါးကန် | ၁.၃၀၈ဧက | |
| ပုဇွန်ကန် | | |
| ဂဏန်း မွေးမြူရေးလုပ်ငန်း | | |
| ရေချို ငါးဖမ်းလုပ်ငန်း | | |
| ကမ်းလွန် ငါးဖမ်းလုပ်ငန်း | | |

**ရင်းမြစ်- (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။**

**လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင် မွေးမြူရေးလုပ်ငန်းအဖြစ် နွား၊ကြက်၊ဝက်၊ဘဲများ တစ်နိုင်တစ်ပိုင်မွေးမြူကြသည်။ နွားမွေးမြူရာတွင် ခိုင်းနွား၊နွားမများနှင့် နွားသားပေါက်များမွေးမြူကြသည်။ကြက်မွေးရာတွင်ဒေသကြက်မျိုးများသာမွေးမြူကြပြီး ဥစားကြက်မွေးမြူခြင်းမျိုးမရှိပါ။ ဝက်မွေးမြူကြသောအိမ်ထောင်စုများရှိသော်လည်း ဒေသဝက်များနှင့် စီပီဝက်များအားတစ်နိုင်တစ်ပိုင်သာမွေးမြူသည်ကိုတွေ့ရသည်။ဘဲမွေးမြူသောအိမ်ထောင်စုအနည်းငယ်သာရှိသည်။ငါးလုပ်ငန်းတွင် အိမ်ထောင်စု တစ်စုသာ ငါးကန်(၁.၃၀၁)ဧက တစ်ကန်မွေးမြူထားသည်။**

## (၄.၄) စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းကဏ္ဍ

ဇယား (၉) **စိုက်ပျိုးမွေးမြူရေး**မဟုတ်သော စီးပွားရေးလုပ်ငန်းများ

| **စဉ်** | **လုပ်ငန်းများ (ထုတ်ကုန် လုပ်ငန်း နှင့် ဝန်ဆောင်မှု)** | **လုပ်ငန်း အရေအတွက်** | **ဝန်ထမ်း ။ အလုပ်သမား အရေအတွက်** | **မိသားစုဝင် လုပ်အား** | **ရပ်တည်နိုင်မှု (နိမ့်၊ လတ်၊ မြင့်) နှင့် ရှင်းလင်းဖော်ပြချက်** |
|---|---|---|---|---|---|
| ၁ | သတ္တုတူးဖော်ရေး၊ ကျောက် ထုတ်လုပ်ရေး နှင့် သဘာဝ အရင်းအမြစ်များ ထုတ်လုပ်ခြင်း | | | | |
| ၂ | ထုတ်ကုန်လုပ်ငန်း | | | | |

| | | | | | |
|---|---|---|---|---|---|
| ၃ | လျှပ်စစ်၊ ဓာတ်ငွေ့နှင့် ရေပေး ဝေရေး | ၁ | ၃ | ၃ | နိမ့် |
| ၄ | ဆောက်လုပ်ရေး၊လက်သမား၊ ပန်းရံ လုပ်ငန်း | ၂ | ၇ | ၇ | လတ် |
| ၅ | ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံး ပစ္စည်းများ ပြင်ဆင်ရေး | ၁ | ၂ | | နိမ့် |
| ၆ | ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ) | ၁ | ၂ | | နိမ့် |
| ၇ | လက်လီ-လက်ကား ရောင်းဝယ်ရေး | ၇ | ၇ | ၁၄ | လတ် |
| ၈ | ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း | | | | |
| ၉ | ပို့ဆောင်ရေး၊ သိုလှောင်ရေး | ၅ | ၅ | ၂ | နိမ့် |
| ၁၀ | ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ်၊ ငွေချေးခြင်းလုပ်ငန်း အပါအဝင် ငွေကြေး ဝန်ဆောင်မှု လုပ်ငန်း) | | | | |
| ၁၁ | အိမ်ခြံမြေ ရောင်းဝယ်ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ | | | | |
| ၁၂ | ပညာရေး | ၁ | ၆ | | လတ် |
| ၁၃ | ကျန်းမာရေး | | | | |
| ၁၄ | လူမှုရေး လုပ်ငန်းများ | | | | |
| ၁၅ | အခြားကိုယ်ပိုင်လုပ်ငန်းရှင်များ(အထက်ဖော်ပြပါလုပ်ငန်းများမှအပ) | | | | |
| | စုစုပေါင်းအသက်မွေးလုပ်ငန်းလုပ်ကိုင်သူဦးရေ | | ၅၈ | | |

**ရင်းမြစ် - ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ စိုက်ပျိုးမွေးမြူရေးမဟုတ်သော ဝင်ငွေရ လုပ်ငန်းများ လုပ်ကိုင်သူ အုပ်စု၊ လူငယ် အုပ်စု။**

**လေ့လာတွေ့ရှိချက်။ ။ကင်မွန်းခြံကျေးရွာတွင် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းမလုပ်ကိုင်ဘဲ အခြားဝင်ငွေရလုပ်ငန်းလုပ်ကိုင်သော မိသားစုများသည် ရေပေးဝေရေးလုပ်ငန်း၊လက်သမားလုပ်ငန်း၊ ပန်း ရံလုပ်ငန်း၊ ယာဉ်၊စက်ကိရိယာပြင်ဆင်ရေးလုပ်ငန်း၊အပ်ချုပ်သင်လုပ်ငန်း၊လက်လီလက်ကားရောင်း ဝယ်ရေးလုပ်ငန်း၊ သယ်ယူပို့ဆောင်ရေးလုပ်ငန်းနှင့် ပညာရေးဝန်ထမ်းတို့ လုပ်ကိုင်နေကြကာ အသင့်အတင့်သာပြေလည်မှုရှိကြသည်။**

**(၅) အခြေခံအဆောက်အဦးနှင့် ဝန်ဆောင်မှုများ**

**(၅.၁) ဈေး**

**ဇယား** (၁၀) ကုန်စည်နှင့် ဝန်ဆောင်မှု၊ ဈေးကွက်လက်လှမ်းမီမှု အခြေအနေ

| ဈေးကွက်လက်လှမ်းမီမှု | အနီးဆုံးဈေး (အနီးဆုံး တစ်ခုကိုသာဖော်ပြပါရန်) | အကြီးစားဈေးကွက် (အဓိကတစ်ခုကိုသာဖော်ပြပါရန်) |
|---|---|---|
| **ဈေးအမည် (မြို့၊ ရွာ)** | ပဲနွယ်ကုန်းဈေး | ဖြူးဈေး |
| **ရွာမှအကွာအဝေး (မိုင်)** | ၀ မှ ၁ မိုင် ☐ ၁ မှ ၅ မိုင် ✔ | ၀ မှ ၁၀ မိုင် ☐ ၁၁ မှ ၂၀ မိုင် ☐ |

| ဈေးကွက်လက်လှမ်းမီမှု | အနီးဆုံးဈေး (အနီးဆုံး တစ်ခုကိုသာဖော်ပြပါရန်) | အကြီးစားဈေးကွက် (အဓိကတစ်ခုကိုသာဖော်ပြပါရန်) |
|---|---|---|
| (အနီးစပ်ဆုံး တစ်ခုကို ခန့်မှန်းပြီး ရွေးချယ်ရန်) | ၅ မှ ၁၀ မိုင်☐ ၁၀မှ ၁၅မိုင် ☐ ၁၅ မိုင် အထက် ☐ | ၂၁ မှ ၃၀ မိုင် ☐ ၃၀မှ ၅၀ မိုင် ✔ ၅၁ မှ ၁၀၀ ☐၁၀၀ မိုင် အထက်☐ |
| သယ်ယူပို့ဆောင်ရေးနည်းလမ်း | ခြေလျင်☐ စက်ဘီး☐ ဆိုင်ကယ် ✔ ကား၊ထော်လာဂျီ ✔ ရထား ☐ သုံးဘီးဆိုင်ကယ် ✔ လှေ ☐ စက်လှေ ☐ | ခြေလျင်☐ စက်ဘီး☐ ဆိုင်ကယ် ☐ ကား၊ထော်လာဂျီ ✔ ရထား ☐ သုံးဘီးဆိုင်ကယ် ✔ လှေ ☐ စက်လှေ ☐ |

ရင်းမြစ် - ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ လယ်သမား အုပ်စု၊ အမျိုးသမီး အုပ်စု၊ စိုက်ပျိုးမွေးမြူရေးမဟုတ်သော ဝင်ငွေရလုပ်ငန်းများ လုပ်ကိုင်သူ အုပ်စု။

**လေ့လာတွေ့ရှိချက်။ ။ကျေးရွာအနီးဆုံးဈေးအဖြစ် ကျောက်တံခါးမြို့နယ်အတွင်းရှိ ပဲနွယ်ကုန်း မြို့မဈေးတွင် လူသုံးကုန်၊စားသောက်ကုန်များစုံလင်စွာအလွယ်တကူဝယ်ယူနိုင်သည်။ စက်ပစ္စည်း များ၊ ထိုဈေးတွင်မရှိသော အရာများကို ဖြူးဈေးကို။ကျေးရွာအနီးဆုံးဈေးအဖြစ် ကျောက်တံ ခါး မြို့နယ် အတွင်းရှိ ပဲနွယ်ကုန်း မြို့မဈေးတွင် လူသုံးကုန်၊ စားသောက်ကုန်များ စုံလင်စွာ အလွယ်တကူဝယ်ယူနိုင်သည်။ စက်ပစ္စည်း များ၊ ထိုဈေးတွင်မရှိသော အရာများကို ဖြူးဈေးကိုသွား ရောက်ဝယ်ယူနိုင်သည်။**

**(၅.၂) ကျေးရွာ၏ လမ်းပန်းဆက်သွယ်ရေးအခြေအနေ**

ဇယား (၁၁) ကျေးရွာ၏ လမ်းတည်ရှိမှုအခြေအနေ

| လမ်း အမျိုးအစား | အမျိုးအစား | အရည်အသွေး | ရာသီအလိုက် သုံးစွဲနိုင်မှု | လမ်းအရှည် (မိုင်) |
|---|---|---|---|---|
| ရွာတွင်းလမ်း | ၁✔၂☐၃☐ ၄☐၅☐ | ကောင်း☐ သင့်✔ ညံ့☐ | ပွင့်လင်း ရာသီ☐ တစ်နှစ်ပတ်လုံး✔ | ၀-၁ မိုင်☐ ၁-၅ မိုင်✔ ၅-၁၀ မိုင်☐ ၁၀မိုင်အထက်☐ |
| ချဉ်းကပ်လမ်း | ၁☐၂☐ ၃ ✔ ၄ ✔ ၅☐ | ကောင်း✔သင့်☐ ညံ့☐ | ပွင့်လင်း ရာသီ☐ တစ်နှစ်ပတ်လုံး✔ | ၀-၁ မိုင်✔ ၁-၅ မိုင်☐ ၅-၁၀ မိုင်☐ ၁၀မိုင်အထက်☐ |
| ရွာချင်းဆက်လမ်း | ၁☐၂✔၃☐ ၄☐၅☐ | ကောင်း☐ သင့်✔ ညံ့☐ | ပွင့်လင်း ရာသီ✔ တစ်နှစ်ပတ်လုံး☐ | ၀-၁ မိုင်☐ ၁-၅ မိုင်✔ ၅-၁၀ မိုင်☐ ၁၀မိုင်အထက်☐ |

ရင်းမြစ်-ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

မှတ်ချက်။ ။မြေသားလမ်း -၁၊ ကျောက်ခင်းလမ်း -၂၊ ကျောက်ချောလမ်း -၃၊ ကွန်ကရစ်လမ်း -၄၊ ကတ္တရာလမ်း -၅

**လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင်းလမ်းမကြီး(၃)လမ်းနှင့် လမ်းသွယ်များရှိပါသည်။ အမှတ်(၁)လမ်းမကြီးသည် ကျောက်ခင်းလမ်းအမျိုးအစားဖြစ်ပြီး ကျေးလက်ဦးစီးဌာနမှ ဖောက် လုပ်ပေးထားသော ဂုံးတဲ-ရေပြာ-သနပ်ကွင်း-ကင်မွန်းခြုံလမ်း အဖြစ် ကျေးရွာချင်းဆက်လမ်းနှင့် ဆက်သွယ်လျက်ရှိပြီး ကညွတ်ကွင်းမြို့သို့ဆက်သွယ်သောလမ်းဖြစ်သည်။ကျေးရွာ အမှတ်(၂)နှင့်(၃) လမ်းတို့သည် မြေသားလမ်း အမျိုးအစားဖြစ်ပါသည်။ကျေးရွာ၏ချဉ်းကပ်လမ်းသည် ကွန်ကရစ်လမ်းဖြစ်ပြီး**

(၁)မိုင်ခန့်ရှည်လျားပါသည်။အဆိုပါချဉ်းကပ်လမ်းသည် ပဲနွယ်ကုန်း-ကျောက်ကြီးလမ်းမကြီးနှင့်ဆက်သွယ်ထားပါသည်။ ကျေးရွာချင်းဆက်လမ်းသည် အရှေ့ဘက်ရှိ ပျဉ်းမပင်ကျေးရွာသို့ဆက်သွယ်သော ကင်မွန်းခြံ-ပျဉ်းမပင်-ကျေးပင်ပေါက်လမ်းမှာမြေသားလမ်း ဖြစ်သည်။အနောက်ဘက်သို့(၃)ဖာလုံကွာဝေးသောနတ်လေးရွာနှင့်ဆက်သွယ်သောမြေသားလမ်းနှင့် တောင်ဘက်ကွင်းချောင်းတံတားကူး၍ ချဉ်းကပ်လမ်းအတိုင်းထိန်တောရွာ၊မြောက်ဘက်တွင်ငတိုး ခင်ကျေးရွာနှင့်ဆက်သွယ်သော ကျောက်ချောလမ်းရှိသည်။

**(၅. ၃) ရေကြောင်းသယ်ယူပို့ဆောင်ရေး**

ဇယား (၁၂) ရ**ေကြောင်း** သယ်ယူပို့ဆောင်ရေး (အသုံးမပြုပါက အကွာအဝေး (မိုင်) အကွက်အောက် ရှိ **အသုံးမပြုပါ**အကွက်တွင် ✓ ခြစ်ပါ)။

| **သယ်ယူပို့ဆောင်ရေး** | ၼြမေန္ပအ အသတည **အကွာအဝေး** (မိုင်) | **ရာသီအလိုက် သုံးစွဲနိုင်မှု** |
|---|---|---|
| မြစ်ကြောင်း | ၀ မှ ၁၀ မိုင် ☐<br>၁၁ မှ ၂၀ မိုင် ☐<br>၂၁ မှ ၅၀ မိုင် ☐<br>၅၀မိုင် အထက် ☐<br>အသုံးမပြုပါ ✔ | ပွင့်လင်းရာသီ☐တစ်နှစ်ပတ်လုံး☐ |
| ပင်လယ်ရေကြောင်း | ၀ မှ ၁၀ မိုင်☐<br>၁၁ မှ ၂၀ မိုင် ☐<br>၂၁ မှ ၅၀ မိုင် ☐<br>၅၀မိုင် အထက် ☐<br>အသုံးမပြုပါ ✔ | ပွင့်လင်းရာသီ☐<br>တစ်နှစ်ပတ်လုံး☐ |

**ရင်းမြစ်-ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။**

**လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင်ရေကြောင်းသယ်ယူပို့ဆောင်ရေးမရှိပါ။**

**(၅.၄) သယ်ယူပို့ဆောင်ရေးယာဉ်များနှင့် ဝန်ဆောင်မှုများ**

ဇယား (၁၃) သယ်ယူပို့ဆောင်ရေးယာဉ်များ

| **ယာဉ်အမျိုးအစား** | **လှေ၊ သမ္ဗာန်** | **စက်လှေ** | **စက်ဘီး** | **မော်တော်ဆိုင်ကယ်** | **သုံးဘီးဆိုင်ကယ်** | **ထော်လာဂျီ** | **ကား** | **မြင်းလှည်း** | **နွားလှည်း** |
|---|---|---|---|---|---|---|---|---|---|
| **အရေအတွက်** | | | ၈၃ | ၁၂၅ | ၂ | ၉ | ၂ | | |

**ရင်းမြစ်-အိမ်ထောင်စုစာရင်း ကောက်ယူမှု။**

**လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင် သယ်ယူပို့ဆောင်ရေးယာဉ်များအသုံးပြုရာတွင် ဆိုင်ကယ်၊ သုံးဘီးဆိုင်ကယ်၊ထော်လာဂျီနှင့်ကားတို့ကိုအသုံးပြုပါသည်။သို့သော်လည်းကိုယ်ထူကိုယ်ထတည် ဆောက်ထားသောကွင်းချောင်းတံတားသည်ဆိုင်ကယ်သာလျှင်သွားနိုင်သဖြင့် ကျန်သောသုံးဘီး၊ ထော်လာဂျီ၊ကားများသွားလာ၍မရသဖြင့်သယ်ယူပို့ဆောင်ရေးအခက်အခဲရှိပါသည်။ယာဉ်ငယ်များ ဖြင့်သယ်ယူပို့ဆောင်မည်ဆိုပါက ငါးမိုင်လောက်ဝေးသောခရီးကို(၁၀)မိုင်လောက်ကွေ့ပတ်၍သွား**

လာရပါသည်။တစ်နှစ်ပတ်လုံးလည်းသွားလာ၍မရပါ။နွေရာသီသာလျှင်သွားလာနိုင်ပါသည်။သယ်ယူပို့ဆောင်ရေးအဆင်ပြေစေရန် ကွင်းချောင်းကူးတံတားအား လှည်းကူးနိုင်လောက်သည့်တံတားအဖြစ်တည်ဆောက်ပေးနိုင်လျှင် ကျေးရွာရှိထုတ်ကုန်များလည်းအလွယ်တကူဈေးကွက်သို့တင်ပို့ နိုင်၍သယ်ယူပို့ဆောင်ရေးအဆင်ပြေလာနိုင်သည်ဟုထင်ပါသည်။

## ၅.၅) လျှပ်စစ်မီးရရှိမှု

ဇယား (၁၄) **လျှပ်စစ်မီးရရှိမှု အခြေအနေ**

| ရင်းမြစ် | အိမ်ထောင်စု |
|---|---|
| **မဟာဓာတ်အားလိုင်း** | |
| ဆိုလာစနစ် | ၂၁၀ |
| အသေးစားရေအားလျှပ်စစ် | |
| ဒီဇယ်သုံးအင်ဂျင် | |
| လေစွမ်းအင် | |
| ဇီဝလောင်စာ | |
| အမျိုးအမည်ခွဲခြားဖော်ပြခြင်းမပြုနိုင်သော လျှပ်စစ်ဓာတ်အားပေးစနစ် | |
| **လျှပ်စစ်မီး အသုံးမပြုနိုင်သော** | ၂၁၀ |

**ရင်းမြစ်**- (၁) **အိမ်ထောင်စုစာရင်း ကောက်ယူမှု၊** (၂) **ဦးတည်အုပ်စု ဆွေးနွေးခြင်း** - **ရပ်မိရပ်ဖ အုပ်စု။**

**လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင်လျှပ်စစ်မီးအားအသုံးမပြုနိုင်သေးပါ။ကျေးလက်ဦးစီးဌာနမှ၅ပုံ့ပိုးပေးထားသော တစ်ရွာလုံးရှိအိမ်ထောင်စုများတွင် ဆိုလာမီးဖြင့် အသုံးပြုနေကြပါသည်။ထို့ပြင် ဒီဇယ်အင်ဂျင်အသုံးပြုသော အိမ်ထောင်စုအနည်းငယ်လည်းရှိပါသည်။**

## (၅.၆) ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်ဆိုင်ရာနည်းပညာ

ဇယား (၁၅) **ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာ အခြေအနေ**

| စဉ် | ဖုန်း | ရေဒီယို | တီဗွီ |
|---|---|---|---|
| အရေအတွက် | ၁၇၁ | ၁၂ | ၉ |

**ရင်းမြစ်-အိမ်ထောင်စုစာရင်း ကောက်ယူမှု။**

**လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင် အိမ်ထောင်စုအများစုမှာ မိုဘိုင်းဖုန်းအသုံးပြုနိုင်သော် လည်း အနည်းငယ်သောအိမ်ထောင်စုတို့မှာ အသုံးပြုနိုင်ခြင်းမရှိပေ။အချို့အိမ်ထောင်စုများသည် ရေဒီယိုအသုံးပြု၍သတင်းများနားဆင်ကြသည်။တီဗွီရှိသောအိမ်ထောင်စုအနည်းငယ်သာရှိပါသည်။(၆) ပညာရေး**

## (၆.၁) ကျောင်းတက်နှုန်း

**ဇယား** (၁၆) ကျောင်းတက်နှုန်း

| ပညာရေးအဆင့်အတန်း | ကျား | မ | ပေါင်း |
|---|---|---|---|
| မူလတန်း | ၄၇ | ၃၅ | ၈၂ |
| အလယ်တန်း | ၂၆ | ၃၉ | ၆၅ |

| ပညာရေးအဆင့်အတန်း | ကျား | မ | ပေါင်း |
|---|---|---|---|
| အထက်တန်း | ၁၆ | ၁၁ | ၂၇ |
| တက္ကသိုလ်၊ကောလိပ် | ၅ | ၄ | ၉ |

**ရင်းမြစ်** - (၁) **ကျောင်းဝင်စာရင်း၊ (၂) ဆယ်အိမ်မှူးများ။**

**မှတ်ချက်။** ။ဤဇယားကို ဖြည့်သွင်းရာတွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ၊ ပညာရေးဝန်ကြီးဌာနမှ အသိအမှတ်ပြုထားသော စာသင်ကျောင်းများ၊ တက္ကသိုလ်ကောလိပ်များတွင် ပညာတက်ရောက်နေ သူများကိုသာ ဖြည့်သွင်းရန်ဖြစ်ပါသည်။ **၄င်းအပြင် -ဘုန်းကြီးကျောင်းသင်ပညာရေး- ကို သင်ယူဆည်းပူး နေသော ကျောင်းသူ၊သားများကို အခြေခံပညာဦးစီးဌာနမှ သတ်မှတ်ထားသော ပညာရေးစနစ်၊အဆင့် သတ်မှတ်ချက်များနှင့်အညီ သတ်မှတ်ဖြည့်သွင်းရန် ဖြစ်ပါသည်။**

**လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင်ကျောင်းနေအရွယ်ကလေးများအားလုံးကျောင်းတက်ရောက်မှုရှိပါသည်။အထက်တန်းထိအများဆုံးတက်ရောက်မှုသာရှိကြပြီး တက္ကသိုလ်တက်ရောက်နိုင်မှု အားနည်းမှုရှိသည်။မိသားစုစားဝတ်နေရေးများကြောင့် လုပ်ငန်းခွင်သို့ဝင်ရောက်ကြကြောင်းလည်း တွေ့ရပါသည်။**

## (၆.၂) စာသင်ကျောင်းဆောင်အခြေအနေနှင့် ဝန်ဆောင်မှုများ

ဇယား (၁၇) စာသင်ကျောင်းဆောင် အခြေအနေနှင့် ဝန်ဆောင်မှုများ

| အကြောင်းအရာ | (၁) | | | (၂) | | | (၃) | | |
|---|---|---|---|---|---|---|---|---|---|
| **က။** ကျောင်းအဆင့် | မူလတန်း☐<br>မူလွန် ✔<br>အလယ်တန်း(ခွဲ) ☐<br>အလယ်တန်း☐<br>အထက်တန်း(ခွဲ) ☐<br>အထက်တန်း☐ | | | မူလတန်း☐<br>မူလွန်☐<br>အလယ်တန်း(ခွဲ) ☐<br>အလယ်တန်း☐<br>အထက်တန်း(ခွဲ) ✔<br>အထက်တန်း☐ | | | မူလတန်း☐<br>မူလွန်☐<br>အလယ်တန်း(ခွဲ) ☐<br>အလယ်တန်း☐<br>အထက်တန်း(ခွဲ)☐<br>အထက်တန်း☐ | | |
| **ခ။**ရွာမှအကွာအဝေး(မိုင်) | ၀ မှ ၁ မိုင် ✔<br>၁ မိုင် မှ ၃ မိုင် ☐<br>၁၅ မိုင် မှ ၂၀ မိုင် ☐<br>၂၀ မိုင် အထက် ☐ | | | ၀ မှ ၁ မိုင် ☐<br>၁ မိုင် မှ ၃ မိုင် ✔<br>၁၅ မိုင် မှ ၂၀ မိုင် ☐<br>၂၀ မိုင် အထက် ☐ | | | ၀ မှ ၁ မိုင် ☐<br>၁ မိုင် မှ ၃ မိုင် ☐<br>၁၅ မိုင် မှ ၂၀ မိုင် ☐<br>၂၀ မိုင် အထက် ☐ | | |
| **ဂ။**သယ်ယူပို့ဆောင်ရေးဝန်ဆောင်မှု | ခြေလျင် ✔<br>စက်ဘီး ✔<br>ဆိုင်ကယ် ☐<br>ကား ☐ | | | ခြေလျင် ✔<br>စက်ဘီး ✔<br>ဆိုင်ကယ် ☐<br>ကား ☐ | | | ခြေလျင် ☐<br>စက်ဘီး ☐<br>ဆိုင်ကယ် ☐<br>ကား ☐ | | |
| **ဃ။** စာသင်ကျောင်း၏ စုစုပေါင်းကြမ်းခင်းဧရိယာ (စတုရန်းပေ)ဝ | ၁၆၇၃.၆၇စတုရန်းပေ | | | | | | | | |
| **င။**အမိုး၊နံရံ၊အခင်း အရည်အသွေး | ကောင်း☐သင့်☐ညံ့✔ | | | ကောင်း☐သင့်☐ညံ့☐ | | | ကောင်း☐သင့်☐ညံ့☐ | | |
| **စ။**ကျောင်းသုံးပရိဘောဂလုံလောက်မှု | လုံလောက်မှုရှိသည်☐<br>မလုံလောက်ပါ ✔ | | | လုံလောက်မှုရှိသည်☐<br>မလုံလောက်ပါ ☐ | | | လုံလောက်မှုရှိသည်☐<br>မလုံလောက်ပါ ☐ | | |
| **ဆ။** ကျောင်းအိမ်သာ အခြေအနေ | ကောင်း ☐ သင့် ✔<br>ညံ့ ☐ ☐ မရှိ | | | ကောင်း ☐ သင့် ☐<br>ညံ့ ☐ ☐ မရှိ | | | ကောင်း ☐ သင့် ☐<br>ညံ့ ☐ ☐ မရှိ | | |
| **ဈ။**ကျောင်းအာဟာရတိုက်ကျွေးမှု | တိုက်ကျွေးမှုရှိသည် ✔<br>တိုက်ကျွေးမှု မရှိပါ ☐ | | | တိုက်ကျွေးမှုရှိသည်☐<br>တိုက်ကျွေးမှု မရှိပါ ☐ | | | တိုက်ကျွေးမှုရှိသည်☐<br>တိုက်ကျွေးမှု မရှိပါ ☐ | | |
| **ဇ။**ကျောင်းဆရာ၊မ ဦးရေ | **ကျား** | **မ** | **ပေါင်း** | **ကျား** | **မ** | **ပေါင်း** | **ကျား** | **မ** | **ပေါင်း** |

| အကြောင်းအရာ | (၁) | | | (၂) | | | (၃) | | |
|---|---|---|---|---|---|---|---|---|---|
| အစိုးရခန့် | ၂ | ၅ | ၇ | | | | | | |
| ကျေးရွာခန့် | ၃ | ၃ | ၆ | | | | | | |

**ရင်းမြစ် - (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ (၂) မိဘဆရာအသင်း။**

**မှတ်ချက်။ ။ကျေးရွာတွင် စာသင်ကျောင်းမရှိပါက (က၊ ခ၊ ဂ) ကိုသာ ဖြေဆိုရပါမည်။ စာသင်ကျောင်း၏ စုစုပေါင်းကြမ်းခင်းဧရိယာ (စတုရန်းပေ - အလျား x အနံ) သည် စာသင် ကျောင်းတစ်ကျောင်းအတွင်းရှိ ကျောင်းအဆောက်အဦအားလုံး၏ စုစုပေါင်းဧရိယာကို ဆိုလိုသည်။**

**လေ့လာတွေ့ရှိချက်။ ။ကျေးရွာ၏ စာသင်ကျောင်းသည်မူလွန်ကျောင်းဖြစ်သော်လည်းနိုင်ငံတော် မှပံ့ပိုးတည်ဆောက်ပေးထားသော ကျောင်းဆောင်သစ်ဟူ၍ မရှိသေးပါ။ကျေးရွာမှ ကိုယ်ထူကိုယ်ထ တည်ဆောက်ပေးထား ကျောင်းဆောင်သာဖြစ်သည်။ကျောင်းခြံဝန်းအကျယ် (၂)ဧကကျယ်ဝန်းပြီး ကျောင်းဆောင်၏ကြမ်းခင်းအကျယ်သည် (၁၆၇၃.၆၇)စတုရန်းပေ ကျယ်ဝန်းသည် ကိုယ်ထူကိုယ်ထ တည်ဆောက်ခြင်းကြောင့် အမိုး၊နံရံ၊အခင်းအရည်အသွေးညံ့နေပါသည်။ ကျောင်းသုံး ပရိဘောဂများလည်း လုံလောက်မှုမရှိပါ။ ကျောင်းအိမ်သာသည်လည်း ကိုယ်ထူကိုယ်ထတည်ဆောက်ပေးထားခြင်းဖြစ်သည်။. အဟာရတိုက်ကျွေးမှုလည်းရှိပါသည်။ယခု နှစ်တွင် ကျေးရွာမှ ဆယ်တန်းအောင်မြင်ထားသောကျောင်းသား(၃)ယောက်နှင့်ကျောင်းသူ(၃) ယောက် စာသင်ကျောင်းတွင်လုပ်အားပေးကူညီစာသင်ပေးနေပါသည်။(၇)တန်းအောင်မြင်ပြီးသော ကျောင်းသား၊သူများသည် ကျေးရွာ၏ချဉ်းကပ်လမ်းအတိုင်း တစ်မိုင်ခန့်ဝေးသော အထက်တန်း ကျောင်း(ခွဲ)ရှိရာ ထိန်တောကျေးရွာသို့ သွားရောက်ပညာသင်ကြားကြရပါသည်။**

(၇) **ကျန်းမာရေး**

(၇.၁) **အဖြစ်များသောရောဂါများ**

ဇယား (၁၈) **အဖြစ်များသော** ရောဂါများ

| ၎ | *ရောဂါ* | *ပျံ့နှံ့မှု၊ဖြစ်ပွားမှု* | | |
|---|---|---|---|---|
| *၁* | ဝမ်းပျက်ဝမ်းလျှော | *မြင့်*☐ | *နိမ့်*☐ | *မရှိ*✔ |
| *၂* | သွေးလွန်တုပ်ကွေး | *မြင့်*☐ | *နိမ့်*✔ | *မရှိ*☐ |
| *၃* | ငှက်ဖျား | *မြင့်*☐ | *နိမ့်*☐ | *မရှိ*✔ |
| *၄* | အသက်ရှုလမ်းကြောင်း ကူးစက်ရောဂါ | *မြင့်*☐ | *နိမ့်*☐ | *မရှိ*✔ |
| *၅* | ငွေးယ ဗွီယ လိင်မှတဆင့် ကူးစက်နိုင်သောရောဂါများ | *မြင့်*☐ | *နိမ့်*☐ | *မရှိ*✔ |
| *၆* | တီဘီ | *မြင့်*☐ | *နိမ့်*☐ | *မရှိ*☐ |
| *၇* | ဆီးချို | *မြင့်*☐ | *နိမ့်*☐ | *မရှိ*☐ |
| *၈* | သွေးတိုး | *မြင့်*☐ | *နိမ့်*✔ | *မရှိ*☐ |
| *၉* | အသည်းရောဂါ ( ဘီ၊ စီ) | *မြင့်*☐ | *နိမ့်*☐ | *မရှိ*✔ |
| *၁၀* | အာဟာရ ချို့တဲ့မှု | *မြင့်*☐ | *နိမ့်*☐ | *မရှိ*✔ |
| *၁၁* | အခြား ကူးစက်နိုင်သော ရောဂါများ | *မြင့်*☐ | *နိမ့်*☐ | *မရှိ*✔ |

**ရင်းမြစ် - (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု (၂) ကျေးလက်ကျန်းမာရေးဌာန၊ကျေးလက်ကျန်းမာရေး ဌာနခွဲ။**

**လေ့လာတွေ့ရှိချက်။ ။ကျေးရွာသည် အဖြစ်များသောရောဂါဟူ၍မရှိပါ။ ရာသီတုပ်ကွေးနှင့် သွေး**

**တိုးရောဂါများအနည်းငယ်ဖြစ်တတ်ကြပါသည်။အခြားကူးစက်ရောဂါများလည်းမရှိပါ။**

(၇.၂) **လွန်ခဲ့သော (၁၂) လအတွင်း ကာကွယ်ဆေးထိုးနှံမှု**

**ဇယား (၁၉) လွန်ခဲ့သော (၁၂) လအတွင်း ကာကွယ်ဆေးထိုးနှံမှု**

| စဉ် | ကာကွယ်ဆေးထိုးခြင်း (ရှိ၊ မရှိ အမှန်ခြစ်ရန်) | ရှိ | မရှိ |
|---|---|---|---|
| ၁ | အဆုတ်ရောဂါ | ✔ | |
| ၂ | ဆုံဆို့၊ ကြက်ညှာ၊ မေးခိုင်နှင့် အသည်းရောင် အသားဝါ | ✔ | |
| ၃ | ပိုလီယိုရောဂါ | ✔ | |
| ၄ | မေးခိုင် (ကိုယ်ဝန်ဆောင် ကာလအတွင်း) | ✔ | |
| ၅ | ဝက်သက်ရောဂါ | ✔ | |
| ၆ | အခြား စုပေါင်း**ကာကွယ်ဆေးထိုးနှံမှု** | ✔ | |
| ၇ | အာဟာရ မှတ်တမ်းယူမှု(အရပ်အမြင့်၊ အလေးချိန်၊ လက်မောင်းပတ်) | | ✔ |
| ၈ | အာဟာရပညာပေး အစီအစဉ် | | ✔ |

**ရင်းမြစ် - (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ (၂) ကျေးလက်ကျန်းမာရေးဌာန။ကျေးလက်ကျန်းမာရေးဌာနခွဲ။**

**လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင်ကျန်းမာရေးဌာနမှ ကာကွယ်ဆေးထိုးနှံပေးမှုများရှိပါသည်။ ကာကွယ်ဆေးထိုးပေးရာတွင် ကျေးရွာအုပ်စု တာဝန်ကျ ဆရာမတစ်ယောက်နှင့် ကျေးရွာမှ ကူညီပေးသောဆရာမတစ်ယောက်ပူးပေါင်း၍ ကိုယ်ဝန်ဆောင်မိခင်၊တစ်နှစ်အောက်ကလေးများ၊ ငါးနှစ်အောက်ကလေးများ၊သက်ဆိုင်ရာနှစ်အလိုက် ကာကွယ်ဆေး တိုက်ကျွေးထိုးနှံပေးမှုရှိပါသည်။ အဟာရမှတ်တမ်းယူမှုများမရှိပါ။ပညာပေးအစီအစဉ်များမရှိပါ။ကျန်းမာရေးဌာနမှ ကျန်းမာရေး အသိပညာပေးဟောပြောပွဲများပြုလုပ်ပေးသင့်ပါသည်။**

(၇.၃) **ကျန်းမာရေးအထောက်အပံ့များ(ဆေးရုံ၊ဆေးပေးခန်းများ)**

ဇယား (၂၀) ကျန်းမာရေး အထောက်အပံ့နှင့် ဝန်ဆောင်မှုများ

| ကျန်းမာရေး ဝန်ဆောင်မှု | ခရီးအကွာအဝေး (မိုင်) | အခန်း၊ကုတင်လုံလောက်မှု |
|---|---|---|
| ကျေးလက်ကျန်းမာရေး ဌာန၊ ဌာနခွဲ | ဝ မှ ၁ မိုင် ✔<br>၁ မိုင် မှ ၃ မိုင် ☐<br>၃ မိုင် မှ ၅ မိုင် ☐<br>၅ မိုင် မှ ၁ဝ မိုင် ☐<br>၁ဝ မိုင်အထက်☐ | ရှိ ☐<br>မရှိ ✔ |
| တိုက်နယ် ဆေးရုံ | ဝ မှ ၁ မိုင် ☐<br>၁ မိုင် မှ ၃ မိုင် ☐<br>၃ မိုင် မှ ၅ မိုင် ☐<br>၅ မိုင် မှ ၁ဝ မိုင် ✔<br>၁ဝ မိုင်အထက်☐ | ရှိ ✔<br>မရှိ ☐ |
| မြို့နယ် ဆေးရုံ | ဝ မှ ၁ မိုင် ☐<br>၁ မိုင် မှ ၃ မိုင် ☐<br>၃ မိုင် မှ ၅ မိုင် ☐<br>၅ မိုင် မှ ၁ဝ မိုင် ☐ | ရှိ ✔<br>မရှိ ☐ |

| ကျန်းမာရေး ဝန်ဆောင်မှု | ခရီးအကွာအဝေး (မိုင်) | အခန်း၊ကုတင်လုံလောက်မှု |
|---|---|---|
| | ၁၀ မိုင်အထက် ✔ | |

ရင်းမြစ် - (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ (၂) ကျေးလက်ကျန်းမာရေးဌာန၊ကျေးလက်ကျန်းမာရေး ဌာနခွဲ။

**လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင် ကျေးလက်ကျန်းမာရေးဌာနခွဲတစ်ခုကို** နှ ့ဗဟု၂ ယသ.ုအို **မှလာရောက်လှူဒါန်းဆောက်လုပ်လျက်ရှိပါသည်။ သို့သော်ပြီးစီးမှုမရှိသေးပါ။ကျေးရွာမှ တိုက်နယ်ဆေးရုံသို့သွားလိုလျှင် ငါးမိုင်ဝန်းကျင်ခန့်ကွာဝေးသော ပဲနွယ်ကုန်းမြို့ တိုက်နယ်ဆေးရုံ သို့သွားရပါသည်။**

(၇.၄) **ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး**

(၇.၄. ၁) **သောက်သုံးရေရရှိမှု**

ဇယား (၂၁) သောက်သုံးရေရရှိနိုင်မှု

| ရေရရှိနိုင်မှု | အသုံးပြုသော အိမ်ထောင်စု | ရေ အရည်အသွေး | လုံလောက်မှု (မိုး၊ဆောင်း၊ နွေ) |
|---|---|---|---|
| ရေတွင်း | ၁ | ကောင်း☐ သင့်✔ ညံ့☐ | ရှိ |
| အဝီစိတွင်း၊ စက်တပ် | ၅ | ကောင်း☐ သင့်✔ ညံ့☐ | ရှိ |
| အဝီစိတွင်း၊ တုံကင် | ၁၃၀ | ကောင်း☐ သင့်✔ ညံ့☐ | ရှိ |
| မိုးရေ သိုလှောင်ကန် | | ကောင်း☐ သင့်☐ ညံ့☐ | ရှိ |
| မြစ်၊ချောင်းရေ | | ကောင်း☐ သင့်☐ ညံ့☐ | |
| ရေကန် | | ကောင်း☐ သင့်☐ ညံ့☐ | |
| စိမ့်စမ်းရေ | | ကောင်း☐ သင့်☐ ညံ့☐ | |

ရင်းမြစ်- (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ (၃) ကျေးရွာသယံဇာတပြမြေပုံ။

**လေ့လာတွေ့ရှိချက်။ ။ကျေးရွာသည်ရေသုံးစွဲမှုတွင် အဝီစိတွင်းတုံကင်များကိုသာ အိမ်ထောင်စု အများစု သုံးစွဲကြပြီး အဝီစိတွင်း စက်တပ်များကို အိမ်ထောင်စု အနည်းငယ်သာသုံးစွဲကြပါသည်။ မိုးရေလှောင်ကန်၊မြစ်ရေ၊ချောင်းရေ၊ရေကန်၊စိမ့်စိမ်းရေများကိုသုံးစွဲသောအိမ်ထောင်စုများမရှိပါ။**

(၇.၄.၂) **သန့်ရှင်းရေးအခြေအနေ (အိမ်သာအမျိုးအစားနှင့် အိမ်ထောင်စုအရေအတွက်)**

ဇယား (၂၂) အိမ်သာ အမျိုးအစား

| သုံးစွဲနိုင်သော အိမ်သာ အမျိုးအစား | သုံးစွဲနိုင်သော အိမ်ထောင်စု |
|---|---|
| **သန့်ရှင်းသော ယင်လုံအိမ်သာ သုံးစွဲမှု** | |
| ရေဆွဲ အိမ်သာ | ၁၈ |
| ရေလောင်း၊ယင်လုံအိမ်သာ | ၁၃၁ |
| **မသန့်ရှင်းသော ယင်လုံအိမ်သာ သုံးစွဲမှု** | |
| တွင်း၊ဇလားအိမ်သာ | |
| တွင်းမရှိ အိမ်သာ | |

| သုံးစွဲနိုင်သော အိမ်သာ အမျိုးအစား | သုံးစွဲနိုင်သော အိမ်ထောင်စု |
|---|---|
| အိမ်သာမရှိ | ၅၃ |

ရင်းမြစ်- (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ (၃) ကျေးလက်ကျန်းမာရေးဌာန။ကျေးလက်ကျန်းမာရေးဌာနခွဲ။

လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင် ယင်လုံအိမ်သာကိုစနစ်တကျအသုံးပြုပါသည်။အိမ်သာမရှိသောအိမ်ထောင်စုများသည် တစ်ခြံဝန်းတည်းနေသော မိသားစုယင်လုံအိမ်သာများတွင်အသုံးပြုကြပါသည်။ရေတွင်း၊တုံကင်များကိုလည်းအိမ်သာနှင့် ပေ(၅၀)အတွင်းမတူးဖော်ကြပါ။

(၈) ဘေးအန္တရာယ် ထိခိုက်မှုအခြေအနေများ

ဇယား (၂၃) ကျေးရွာ၏ ထိခိုက်နိုင်သည့် ဘေးအန္တရာယ်များ အခြေအနေ

| စဉ် | ဘေးအန္တရာယ် အမျိုးအစား | အန္တရာယ်ရှိနိုင်မှုအခြေအနေရှင်းလင်းဖော်ပြချက် |
|---|---|---|
| ၁ | စားနပ်ရိက္ခာ မဖူလုံမှု | |
| ၂ | သဘာဝရင်းမြစ် ရှားပါးမှု (မြေ၊ စိုက်ပျိုးရေ) | |
| ၃ | ရေကြီးခြင်း | နိမ့် |
| ၄ | မိုးခေါင်ခြင်း | |
| ၅ | အအေးလွန်ကဲခြင်း | |
| ၆ | မုန်တိုင်း | နိမ့် |
| ၇ | ငလျင် | |
| ၈ | မီးဘေး | |
| ၉ | ဆားငန်ရေဝင်မြေ | |
| ၁၀ | မြေပြိုခြင်း၊ မြေဆီလွှာ ပျက်ယွင်းမှု | |
| ၁၁ | သစ်တောပြုန်းတီးခြင်း | |
| ၁၂ | ငှက်ဖျားရောဂါ | |
| ၁၃ | တီဘီရောဂါ | |
| ၁၄ | ကိုယ်ခံအားကျဆင်းမှုရောဂါ | |
| ၁၅ | ပြည်တွင်း ပဋိပက္ခ | |
| ၁၆ | တိရစ္ဆာန် ကူးစက်ရောဂါ ကျရောက်မှု | |
| ၁၇ | လူကုန်ကူးခြင်း | |
| ၁၈ | ဝေးလံခေါင်သီ။လမ်းပန်း ဆက်သွယ်ရေး ခက်ခဲ စသည် | |

ရင်းမြစ် - ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင် သဘာဝဘေးအန္တရာယ်ထိခိုက်မှုအနည်းငယ်ရှိပါသည်။ မိုးရာသီတွင် စစ်တောင်းမြစ်မှ ရေကြီးရေလျှံမှုကြောင့် ကျေးရွာရှိ စိုက်ပျိုးထားသော စပါးခင်းများရေမြုပ်ပျက်စီးဆုံးရှုံးမှုများရှိတတ်ပါသည်။မိုးဦးကာလတွင်လည်းလေပြင်းမုန်တိုင်းများ တစ်ခါတစ်ရံ တိုက်ခတ်မှုရှိသောကြောင့် ကျေးရွာရှိလူနေအိမ်များ၊အဆောက်အဦးများအနည်းငယ် ပျက်စီးဆုံးရှုံးမှုရှိတတ်ပါသည်။

(၉) သဘာဝပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များ ထိန်းသိမ်းမှုအခြေအနေ

ဇယား(၂၄) သဘာဝပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များအခြေအနေ

| အကြောင်းအရာ | အန္တရာယ်ရှိမှု(နိမ့်၊လတ်၊မြင့်) | ဖော်ပြချက်၊ရှင်းလင်းချက် |
|---|---|---|
| မြေဆီသြဇာအခြေအနေ | လတ် | မြေသြဇာအလွန်အကျွံသုံးစွဲခြင်း |
| အပင်မျိုးစိတ်များ | | |
| ရေအရင်းအမြစ် | | |
| ငါးမျိုးကွဲများ | | |
| အခြားတိရစ္ဆာန်မျိုးကွဲများ | | |

**ရင်းမြစ် - ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။**

**လေ့လာတွေ့ရှိချက်။ ။ကျေးရွာ၏ စိုက်ပျိုးမြေများသည် မြေဆီသြဇာ အခြေအနေအလယ် အလတ်တန်းစားမျှလောက်သာရှိပါသည်။ စိုက်ပျိုးရေးဌာနမှ နည်းပညာအသိပေးဟောပြောပွဲများ ပြုလုပ်ပေးသင့်ပါသည်။**

**(၁၀ ကျား – မ ရေးရာ**

ဇယား (၂၅) ကျား – မ ရေးရာ

| စဉ် | *ကျေးရွာ၏ လူမှုစီးပွား ဖွံ့ဖြိုးစေရေးအတွက် အမျိုးသမီးများ၏ စွမ်းဆောင်ရည်မြှင့်သင့်သော အချက်များ* | *ဦးတည်အုပ်စုဆွေးနွေးပွဲတွင် တက်ရောက်သူများမှ မှန်သည်ဟု ယူဆသော တစ်ခုကို ရွေးပေးပါရန်* | |
|---|---|---|---|
| ၁ | ကျေးရွာ စီမံအုပ်ချုပ်မှုစနစ်တွင် အမျိုးသမီးများ တက်ကြွစွာ ပါဝင်မှု၊ခေါင်းဆောင်မှု | *ရှိ*☐ | *မရှိ*✔ |
| ၂ | ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် အဖွဲ့အစည်းများ တွင် အမျိုးသမီးများ တက်ကြွစွာ ပါဝင်ဆောင်ရွက်မှု | *ရှိ*✔ | *မရှိ*☐ |

**ရင်းမြစ်(၁) အဖွဲ့အစည်းများစာရင်း၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း- ရပ်မိရပ်ဖအုပ်စု၊ အမျိုးသမီးအုပ်စု။**

**လေ့လာတွေ့ရှိချက်။ ။ကျေးရွာသည် ကျေးရွာစီမံအုပ်ချုပ်ရေးစနစ်တွင် ခေါင်းဆောင်မှုအပိုင်း တွင် အမျိုးသမီးများ ပါဝင်မှု နည်းပါးသော်လည်း ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ လုပ်ကိုင်ရာတွင် အမျိုးသမီးများပါဝင်မှုသည် ကျေးရွာအတွက် အားထားစရာပင်ဖြစ်ပါသည်။ကျေးရွာသည် အမျိုးသားအမျိုးသမီးခွဲခြားဆက်ဆံခြင်းမရှိကြပါ။တန်းတူအခွင့်အရေးရှိကြသည်။လုပ်အားခ ရရှိမှု လည်းတူညီပါသည်။ထို့ကြောင့် ကျေးရွာစီမံအုပ်ချုပ်ရေးစနစ်တွင် အမျိုးသမီးများ ခေါင်းဆောင်မှု ပါဝင်လာနိုင်ရန် စည်းရုံးခေါ်ဆောင်၍ ပူးပေါင်းဆောင်ရွက်သင့်ပါသည်။**

နောက်ဆက်တွဲ၃

**ကျေးရွာဖွံ့ဖြိုးရေးဗျူဟာတည်ဆောက်မှုဇယား**

| စဉ် | ပြဿနာ | အကြောင်းရင်း | အခြေအနေကောင်းများ | အဟန့်အတားနှင့်စိန်ခေါ်မှု | ဖြေရှင်းမည့်နည်းလမ်းများ | အဆိုပြုစီမံချက်နှင့်လုပ်ငန်းများ |
|---|---|---|---|---|---|---|
| ၁။ | မိုးရာသီသွားလာရန် ခက်ခဲ | မြေသားလမ်းဖြစ်ခြင်း | လုပ်အား | -ငွေကြေး | ကွန်ကရစ်လမ်းခင်းခြင်း | ကျေးလက်ဦးစီးဌာနနှင့် ချိတ်ဆက်ဆောင်ရွက်ရန် |
| ၂။ | လျှပ်စစ်မီးမရခြင်း | ၂မိုင်ပြင်ပကျေးရွာဖြစ်နေခြင်း | | ငွေကြေး | လျှပ်စစ်မီးရရှိအောင်ဆောင်ရွက်ခြင်း | သက်ဆိုင်ရာဦးစီးဌာနနှင့်ဆက်သွယ်ဆောင်ရွက်ရန် |
| ၃။ | ကျန်းမာရေးအခက် အခဲဖြစ်ခြင်း | ဆေးပေးခန်းမရှိခြင်း | မြေနေရာပေးနိုင်ခြင်း | ငွေကြေး | ဆေးပေးခန်းဆောက်လုပ်ခြင်း | သက်ဆိုင်ရာဦးစီးဌာနနှင့်ဆက်သွယ်ဆောင်ရွက်ရန် |
| ၄။ | စာသင်ဆောင်မလုံလောက်ခြင်း | ကျောင်းသားဦးရေများပြားခြင်း | မြေနေရာပေးနိုင်ခြင်း | ငွေကြေး | စာသင်ဆောင်ဆောက်လုပ်ခြင်း | သက်ဆိုင်ရာဦးစီးဌာနနှင့်ဆက်သွယ်ဆောင်ရွက်ရန် |